# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၁)၊ အမှတ်(၀၂၄)


**ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာနေရ**

တရားတည်းဟူသော အမြိုက်ရေကို သောက်ရသူသည် အထူးသန့်ရှင်း ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာ နေရ၏။ ပညာရှိသည် အခါခပ်သိမ်း အရိယာသူတော်ကောင်းတို့ ဟောအပ်သော (ဗောဓိပက္ခိယ) တရား၌ မွေ့လျော်၏။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၉)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ (၇၆) နှစ်မြောက် ကုလသမဂ္ဂနှစ်ပတ်လည်နေ့သို့ ပေးပို့သည့် သဝဏ်လွှာ

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်

ကုလသမဂ္ဂဖွဲ့စည်းတည်ထောင်သည့် (၇၆)နှစ်မြောက် အခါသမယတွင် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုယ်စား ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ ယနေ့လူသားတို့၏ လိုအပ်ချက်များကို အမှန်တကယ်ထင်ဟပ်စေသည့် ကုလသမဂ္ဂအဖွဲ့ကြီး၏ ရည်မှန်းချက်များကို ပိုမိုအကောင်အထည်ဖော်နိုင်ပါစေကြောင်းလည်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လွန်ခဲ့သည့် (၇၆) နှစ်က ကမ္ဘာမြေငြိမ်းချမ်းသာယာရေးနှင့် လုံခြုံမှုရှိစေရေးတို့အတွက် မြင့်မြတ်သော ရည်ရွယ်ချက်များဖြင့် ကုလသမဂ္ဂကို ဖွဲ့စည်းတည်ထောင်ခဲ့ရာ သမိုင်းတွင်စေခဲ့ပါသည်။ ကမ္ဘာကြီး၏ ခက်ခဲရှုပ်ထွေးသော အခြေအနေအရပ်ရပ်ပေါ်မူတည်၍ အဖွဲ့အစည်း၏ ရည်ရွယ်ချက်များ တစ်နှစ်ထက်တစ်နှစ် ပြောင်းလဲကောင်း ပြောင်းလဲနိုင်သော်လည်း အဖွဲ့အစည်း၏ အဓိကတန်ဖိုးဖြစ်သော "မတူကွဲပြားမှုများကြားမှ စည်းရုံးမှုရယူ၍ ငြိမ်းချမ်းသော၊ တရားမျှတသော၊ သာယာဝပြောသော ကမ္ဘာကိုဖန်တီးရန်" ရည်ရွယ်ချက်မှာ မပြောင်းလဲဘဲ တည်ရှိပါသည်။

ကြောက်မက်ဖွယ် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးသည်လည်း ယင်းကမ္ဘာ့စိန်ခေါ်မှုအား ရင်ဆိုင်ဖြေရှင်းရာတွင် နိုင်ငံများအကြား

*စာမျက်နှာ ၃ ကော်လံ ၁* ❖

# ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားပူဇော်မည့် "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်အပိုင်း(၁) တည်ထားပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော် တွင် တည်ထားပူဇော်မည့် "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်အပိုင်း(၁) တည်ထားပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မဟာမင်္ဂလာမဏ္ဍပ်တော်၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် နေပြည်တော်လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇနိန္ဒ အမှူးပြုသည့် ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊

*စာမျက်နှာ ၄ ကော်လံ ၁* ❐



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်အပိုင်း(၁)အား ရတနာ ရွှေမူလီ တပ်ဆင်ပူဇော်စဉ်။

# မြန်မာနိုင်ငံ အကျပ်အတည်းကျရောက်ရေး ဝင်ရောက်စွက်ဖက်မှုနှင့် လှုံ့ဆော်မှုများ

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ပြီးခဲ့သည့် ဧပြီလ ၂၄ ရက်နေ့က ကျင်းပခဲ့သည့် အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေး၌ မြန်မာနိုင်ငံအရေးနှင့် ပတ်သက်၍ မူအားဖြင့် ဘုံသဘောတူညီချက် (၅) ရပ် ရရှိခဲ့သည်။

အဆိုပါ ဘုံသဘောတူညီချက် (၅)ရပ်မှာ- (၁) မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုများ ချက်ချင်းရပ်ပြီး သက်ဆိုင်သူအားလုံး ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ကြရန်၊ (၂) ပြည်သူများ၏ အကျိုးစီးပွားအတွက် ငြိမ်းချမ်းသည့် အဖြေတစ်ခုရရန် သက်ဆိုင်သူအားလုံး အပြုသဘောဆွေးနွေးကြရန်၊ (၃) အာဆီယံအတွင်းရေးမှူးချုပ်၏ အကူအညီဖြင့် ဆွေးနွေးရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်နိုင်ရန် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်တစ်ယောက်က ကြားဝင်ညှိနှိုင်းပေးရန်၊ (၄) အာဆီယံအသင်း၏ လူသားချင်းစာနာမှု အကူအညီပေးရေးဌာနမှတစ်ဆင့် မြန်မာနိုင်ငံကို အကူအညီပေးရန်၊ (၅) သက်ဆိုင်သူအားလုံးနှင့် တွေ့ဆုံရန်အတွက် အာဆီယံအထူးကိုယ်စားလှယ်နှင့်အဖွဲ့ကို မြန်မာနိုင်ငံသို့ စေလွှတ်ရန်ဟူ၍ ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြန်လည်ဆွေးနွေးရာတွင် အချက် (၃)ချက်ကို အလေးပေးပြောကြားခဲ့ရာ- (၁) မိမိတို့နိုင်ငံအပေါ် ပေးအပ်ခဲ့သည့် အကြံပြုချက်များကို ပြည်တွင်း၌ လတ်တလောဖြစ်ပျက်နေသည့် အခြေအနေများနှင့် ဆက်စပ်၍ အလေးပေးထည့်သွင်းစဉ်းစားသွားမည်။ (၂) မိမိတို့အနေဖြင့် ပြည်တွင်းတည်ငြိမ်မှုအပေါ်မူတည်ပြီး အာဆီယံ၏ အဆိုပြုချက်များ၊ ခရီးစဉ်များကို စဉ်းစားသွားပါမည်။ (၃) အာဆီယံ၏ အပြုသဘော ပါဝင်ကူညီပံ့ပိုးပေးလိုမှုနှင့် စပ်လျဉ်း၍လည်း အာဆီယံပဋိညာဉ်၊ အာဆီယံလမ်းစဉ်၊ အာဆီယံစိတ်ဓာတ်အပေါ် အခြေခံမည်ဆိုပါက နိုင်ငံကောင်းကျိုးအတွက် စဉ်းစားပေးမည်ဟူ၍ ဖြစ်သည်။

ဂျကာတာတွင် ကျင်းပခဲ့သည့် အဆိုပါ အာဆီယံထိပ်သီးအစည်းအဝေးအပြီး မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်း၌ အကြမ်းဖက်အဖွဲ့အစည်းများ၏ ပိုမိုဆိုးရွားစွာ အရှိန်မြှင့်တိုက်ခိုက်မှုများနှင့် ကြုံတွေ့လာရသည်။ ပို၍ အကြမ်းဖက်၊ ပို၍ သတ်ဖြတ်၊ ပို၍ လုယက်ဖျက်ဆီးလာကြသည့်အတွက် အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ ထောင်နှင့်ချီ၍ သေဆုံးဒဏ်ရာရခဲ့ကြသည်။ အချို့မိသားစုအလိုက် သတ်ဖြတ်ခံရသည့်ထဲတွင် မိန်းကလေးငယ်များနှင့် လူမမယ်ကလေးများပင် အသက်ဆုံးရှုံးကြရသည်။ အပြစ်မဲ့ပြည်သူများကို သတင်းပေး၊ ဒလန်များအဖြစ် စွပ်စွဲသတ်ဖြတ်ကြရာတွင် ကျင့်ဝတ်ကင်းမဲ့သည့် မီဒီယာများကပါ အကြမ်းဖက်မှုကို အားပေးသည့် အရေးအသားပုံစံများဖြင့် ရေးသားထုတ်လွှင့်ဖော်ပြခဲ့ကြသည့်အပြင် လိမ်ညာဖုံးဖိခဲ့ကြသည်များကိုလည်း တွေ့ရသည်။ မြန်မာ့အရေးနှင့် စပ်လျဉ်း၍ ပြည်တွင်း၌ အကြမ်းဖက်မှုများ မြင့်တက်ခဲ့သည့် တစ်ချိန်တည်းမှာပင် အာဆီယံနိုင်ငံများနှင့် အာဆီယံအဖွဲ့အစည်းတို့အတွင်း အင်အားကြီးနိုင်ငံ၏ ဝင်ရောက်လှုံ့ဆော်ခြယ်လှယ်မှုများကိုလည်း တွေ့မြင်ခဲ့ရသည်။ ကိုဗစ်-၁၉ ကပ်ရောဂါလှိုင်း မြင့်တက်နေသည့် ကာလအတွင်း ပိုလျှံနေသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို အာဆီယံနိုင်ငံများသို့ လှူဒါန်းရာတွင် မြန်မာနိုင်ငံကို ချန်လှပ်ခဲ့ခြင်းက မြန်မာပြည်သူတို့၏အကျိုးကို မျက်ကွယ်ပြုကာ မြန်မာနိုင်ငံ အကျပ်အတည်း ကျရောက်နေစေရန်ကိုသာ အဓိကဦးတည်နေကြောင်း ပေါ်လွင်နေစေသည်။

အာဆီယံအဖွဲ့အစည်း၏ ရည်ရွယ်ချက်များတွင် "အင်အားကြီးနိုင်ငံများ၏ ပြိုင်ဆိုင်မှု ဒေသတွင်း စိမ့်ဝင်ပျံ့နှံ့မလာစေရေး ဒေသတွင်း နိုင်ငံရေးနှင့် စီးပွားရေး တည်ငြိမ်မှုကို ကာကွယ်ရန်"ဟူသည့် ရည်ရွယ်ချက်တစ်ခုလည်း ပါဝင်သည်။ အာဆီယံ ၁၀ နိုင်ငံတို့ တည်ရှိရာ အရှေ့တောင်အာရှဒေသသည် အင်ဒိုပစိဖိတ်ရပ်ဝန်း၏ အချက်အချာတွင် တည်ရှိနေသည့်အတွက် အင်အားကြီးနိုင်ငံတို့၏ ပါဝါအားပြိုင်မှုများနှင့် ဖိအားများ မြင့်တက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့်မူ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုကာ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို စောင့်ထိန်းသည့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒနှင့်အညီ ဆက်လက်လိုက်နာသွားမည်သာ ဖြစ်ပါကြောင်း။ ။

# ကမ္ဘာကြီးကို ကယ်တင်နိုင်ရေးအတွက် ရဲရင့်ပြတ်သားသော ရာသီဥတုဆိုင်ရာ ကတိကဝတ်များပြုပြီး ကတိပြုထားသည့်အတိုင်း အကောင်အထည်ဖော် လုပ်ဆောင်

## အတွင်းရေးမှူးချုပ်၏ ကုလသမဂ္ဂနေ့ သဝဏ်လွှာ

### ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်

ကုလသမဂ္ဂအဖွဲ့ကြီးကို လွန်ခဲ့သည့် ခုနစ်ဆယ့်ခြောက်နှစ်က ပဋိပက္ခကပ်ဘေးကြီး၏ အရိပ်အောက်မှ ထွက်ပေါ်လာသော ကမ္ဘာကြီးအတွက် မျှော်လင့်ချက်တစ်ရပ်အဖြစ် ဖန်တီးခဲ့ခြင်းဖြစ်ပါသည်။

ယနေ့တွင် ကုလသမဂ္ဂ၏ အမျိုးသား၊ အမျိုးသမီးဝန်ထမ်းများသည် ယင်းမျှော်လင့်ချက်ကို ကမ္ဘာတစ်ဝန်းသို့ သယ်ဆောင်နေပါသည်။

COVID-19၊ ပဋိပက္ခများ၊ ငတ်မွတ်ခေါင်းပါးမှု၊ ဆင်းရဲမွဲတေမှုနှင့် ရာသီဥတုအရေးပေါ်အခြေအနေတို့က ကျွန်ုပ်တို့ကမ္ဘာကြီးသည် ပြီးပြည့်စုံမှုမှ အလှမ်းဝေးနေသေးကြောင်း ကျွန်ုပ်တို့အား သတိချပ်စေပါသည်။

သို့သော် ၎င်းတို့ကပင် စည်းလုံးညီညွတ်ခြင်းဖြင့်သာ ရှေ့ဆက်တက်လှမ်းနိုင်မည့်အကြောင်း ထင်ရှားစေပါသည်။

ကျွန်ုပ်တို့အနေဖြင့် စိန်ခေါ်မှုကြီးများကို စုပေါင်းဖြေရှင်းရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင်များကို ဆက်လက်ဖော်ဆောင်ရန် လိုအပ်ပါသည်။

လူတိုင်းနေရာတိုင်းသို့ ကာကွယ်ဆေးများ ကြန့်ကြာမှုမရှိ ရောက်ရှိစေရေး သေချာစေရပါမည်။

လူတိုင်း၏ - အထူးသဖြင့် အဆင်းရဲဆုံးနှင့် အချို့တဲ့ဆုံးသူများ၊ မိန်းကလေးများနှင့် အမျိုးသမီးများ၊ ကလေးငယ်များနှင့် လူငယ်များ၏ ရပိုင်ခွင့်များနှင့် ဂုဏ်သိက္ခာကို ရယူကိုင်ဆောင်နိုင်စေရပါမည်။

ကမ္ဘာကြီးအား ဒဏ်ရာဒဏ်ချက် ကျန်စေသည့် ပဋိပက္ခများကို အဆုံးသတ်နိုင်ရပါမည်။

ကမ္ဘာကြီးကို ကယ်တင်နိုင်ရေးအတွက် ရဲရင့်ပြတ်သားသော ရာသီဥတုဆိုင်ရာ ကတိကဝတ်များပြုပြီး ကတိပြုထားသည့်အတိုင်း အကောင်အထည်ဖော် လုပ်ဆောင်ရပါမည်။

မကြာသေးမီက ကျွန်ုပ်အသေးစိတ်တင်ပြခဲ့သည့် Our Common Agenda အစီရင်ခံစာတွင် ပါရှိသည့်အတိုင်း ပိုမို၍ ပါဝင်သော၊ ကွန်ရက်ဖြန့်ကြက်ထားသော၊ ထိရောက်သည့် ကမ္ဘာ့အုပ်ချုပ်ရေးစနစ်ကို တည်ဆောက်ရပါမည်။

ပြီးခဲ့သည့် ၇၆ နှစ်တာ ကုလသမဂ္ဂပဋိညာဉ်ကို အားသွင်းပေးခဲ့သည့် တန်ဖိုးများဖြစ်သော ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေးများနှင့် လူတိုင်းအတွက် အခွင့်အလမ်းများမှာ သက်တမ်းကုန်ဆုံးရက် မရှိပါ။

ကျွန်ုပ်တို့အားလုံး ကုလသမဂ္ဂနေ့ကို အထိမ်းအမှတ်ပြုရင်း ဤစံချိန်စံနှုန်းများနောက်၌ စုစည်းရပ်တည်ကာ ကုလသမဂ္ဂမှ ဖော်ဆောင်ထားသည့် ကတိ၊ စွမ်းပကားနှင့် မျှော်လင့်ချက်တို့ကို အကောင်အထည်ဖော်ကြပါစို့။

# သဘာဝဘေးကြောင့် သီးနှံပျက်စီးဆုံးရှုံးခဲ့သည့် တောင်သူ ၄၂၆၂ ဦးတို့အတွက် နိုင်ငံတော်မှ ယူရီးယားဓာတ်မြေဩဇာများ အခမဲ့ထောက်ပံ့ပေးအပ်

မြစ်ကြီးနား အောက်တိုဘာ ၂၃

**ကချင်ပြည်နယ်အတွင်း သဘာဝဘေးကြောင့် သီးနှံပျက်စီးဆုံးရှုံးခဲ့သည့် တောင်သူများအတွက် နိုင်ငံတော်၏ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရ သဘာဝဘေးအရေးပေါ် ရန်ပုံငွေဖြင့် ပြည်တွင်းစက်ရုံမှ ထုတ်လုပ်သည့် ဓာတ်မြေဩဇာများကို အခမဲ့ထောက်ပံ့ ပေးအပ်ခြင်းကို အောက်တိုဘာ ၂၃ ရက်က ပြည်နယ်အစိုးရအဖွဲ့ ရုံးဝင်းအတွင်းရှိ ဆမားဒူဝါ ဆင်ဝါးနော်ခန်းမ၌ ပြုလုပ်သည်။**



ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်အတွင်း ၂၀၂၁ ခုနှစ် ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စပါးစိုက်ကေများ ရေကြီးနစ်မြုပ် ထိခိုက်ပျက်စီးခဲ့မှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ တောင်သူများအနေဖြင့် ဓာတ်မြေဩဇာ ဈေးနှုန်းမြင့်တက်လာမှုကြောင့် မိမိတို့၏ လယ်ယာလုပ်ငန်းခွင်များတွင် သီးနှံအထွက်နှုန်း တိုးတက်ရေးအတွက် ဓာတ်မြေဩဇာ သုံးစွဲရာတွင် အဟန့်အတားများ၊ ငွေကြေးအရင်းအနှီး အခက်အခဲများ ဖြစ်ပေါ်လာခဲ့သဖြင့် နိုင်ငံတော်အကြီးအကဲက ယခုလို ရေကြီးနစ်မြုပ် ထိခိုက်ပျက်စီးသည့် လယ်များအတွက် သဘာဝဘေးရန်ပုံငွေဖြင့် ပြည်တွင်းစက်ရုံမှ ထုတ်လုပ်သည့် ဓာတ်မြေဩဇာများကို အခမဲ့ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ထောက်ပံ့ပေးအပ်သည့် ဓာတ်မြေဩဇာများကို စနစ်တကျ အကျိုးရှိရှိ သုံးစွဲကြရန်လိုကြောင်း၊ စိုက်ပျိုးရေးအတွက် ပြင်ပဓာတ်မြေဩဇာများ ဈေးနှုန်း အဆမတန် မြင့်မားနေသည့်အတွက် သဘာဝမြေဩဇာများကိုလည်း ပြုလုပ်သုံးစွဲကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်(ဝဲအောက်ပုံ)နှင့် ပြည်နယ်ဝန်ကြီးများက ပြည်နယ်အတွင်း သဘာဝဘေးကြောင့် သီးနှံပျက်စီးဆုံးရှုံးခဲ့သည့် တောင်သူ ၄၂၆၂ ဦးတို့အတွက် ယူရီးယားဓာတ်မြေဩဇာ အိတ်ပေါင်း ၃၈၀၈ အိတ်ကို ထောက်ပံ့ပေးအပ်ကြရာ တောင်သူများက လက်ခံယူခဲ့ကြပြီး တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ကချင်ပြည်နယ်အတွင်း ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် တောင်သူစုစုပေါင်း ၄၂၆၂ ဦးတို့၏ စပါးစိုက်ဧက ၁၃၂၈၉ ဧက ရေကြီးနစ်မြုပ်ခဲ့ပြီး ထိခိုက်သည့် ဧကပေါင်း ၆၉၆၃ ဧကနှင့် ပျက်စီးဧက ၃၉၂၆ ဧကအနက် ပြန်လည်စိုက်ပျိုးခဲ့သည့် စိုက်ဧက ၁၀၁၆ ဧကရှိသဖြင့် ယနေ့ နိုင်ငံတော်က ယူရီးယားဓာတ်မြေဩဇာ အိတ်ပေါင်း ၃၈၀၈ အိတ် ထောက်ပံ့ပေးအပ်ခြင်း ဖြစ်ကြောင်း ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် အောက်တိုဘာ ၂၃ – မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပိုင်ကျုံမြို့တွင် ၂ ဒသမ ၃၀ လက်မ၊ ဖာပွန်မြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ချောင်းဆုံမြို့တွင် ၁ ဒသမ ၄၆ လက်မ၊ မဒေါက်မြို့တွင် ၁ ဒသမ ၄၂ လက်မ၊ ရွှေကျင်မြို့တွင် ၁ ဒသမ ၃၈ လက်မ၊ မတ္တရာမြို့တွင် ၁ ဒသမ ၂၆ လက်မနှင့် ပုသိမ်ကြီးမြို့တွင် ၁ ဒသမ ၁၇ လက်မတို့ ဖြစ်ကြသည်။

မိုး/ဇလ

# နိုင်ငံ၏ ဂုဏ်သိက္ခာနှင့်အညီ ဆောင်ရွက်

မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံတကာနှင့် ဆက်ဆံရာတွင် နိုင်ငံ၏ဂုဏ်သိက္ခာနှင့်အညီ ဆောင်ရွက်နေခြင်းကို အချို့သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက မျက်ကွယ်ပြု၍ဆောင်ရွက်နေကြကြောင်း၊ ပြည်ပနိုင်ငံများနှင့် နယ်နိမိတ်ထိစပ်နေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် နယ်စပ်ဒေသဆက်ဆံရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းပြီး နိုင်ငံတကာကတိကဝတ်၊ သဘောတူညီချက်များနှင့်အညီ ပြောဆိုပြုမူ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံ၏ ဂုဏ်သိက္ခာကို ထိခိုက်စေမည့် ကိစ္စရပ်များကို ရှောင်ရှားကြရန်လိုအပ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

❖ *ရွှေဖုံးမှ*

**❐ ကုလသမဂ္ဂအဖွဲ့အနေဖြင့် ကမ္ဘာ့ပြည်သူများ၏ မျှော်လင့်ချက် မီးရှူးတန်ဆောင် အဖြစ်ရှိသင့်ပြီး ပဋိညာဉ်စာတမ်းမှ အပ်နှင်းထားသော တာဝန်များကို ကုလသမဂ္ဂအဖွဲ့ကြီးက ကောင်းမွန်ဖြောင့်မတ်စွာ ထမ်းဆောင်နိုင်ရေးအတွက် မိမိတို့လူသားများ အနေဖြင့် စည်းလုံးညီညွတ်စွာ အထောက်အကူပြုသင့်**

**❐ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ရည်မှန်းချက်နှင့် မူဝါဒများကို အခိုင်အမာယုံကြည်ပြီး မိမိတို့လူသားများအားလုံးအတွက် ကျန်းမာချမ်းသာကြွယ်ဝ၍ တိုးတက်ရှင်သန်သော ကမ္ဘာကြီးတစ်ခု တည်ဆောက်နိုင်ရေးအတွက် ကုလသမဂ္ဂ၏ အပြုသဘောဆောင် ကြိုးပမ်းအားထုတ်မှုများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည့် ကတိကဝတ်ကို ထပ်လောင်းအတည်ပြု**

ပိုမိုခိုင်မာသည့် စည်းလုံးညီညွတ်မှုရှိရန် လိုအပ်ကြောင်းကို ပြသလျက်ရှိသည်။ ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ယခုနှစ်ဆောင်ပုဒ်ဖြစ်သည့် **“ မျှော်လင့်ချက်ဖြင့် ကြံ့ခိုင်မှုရှိစေရန်၊ ကိုဗစ်-၁၉ကပ်ရောဂါမှ ပြန်လည်နာလန်ထူထောင်ရန်၊ ရေရှည်တည်တံ့စွာပြန်လည်တည်ဆောက်ရန်၊ ကမ္ဘာမြေ၏ လိုအပ်ချက်များကိုတုံ့ပြန်ရန်၊ လူ့အခွင့်အရေးကို လေးစားလိုက်နာရန်နှင့် ကုလသမဂ္ဂအဖွဲ့အစည်းကို ပြန်လည်ရှင်သန်တက်ကြွစေရန်”**ဟူသော ဆောင်ပုဒ်သည် ယနေ့ခေတ်ကမ္ဘာကြီး၏ လက်တွေ့အခြေအနေကိုထင်ဟပ်ကာ လျော်ကန်မှုရှိပါသည်။ ကုလသမဂ္ဂအနေဖြင့် နိုင်ငံများအကြား စည်းလုံးညီညွတ်မှုကို အားဖြည့်ပေးရန်နှင့် အားလုံးပါဝင်နိုင်သည့် နိုင်ငံတကာအခင်းအကျင်းများဖြစ်စေရန် ဆောင်ရွက်ရမည့် အချိန်ကောင်းဖြစ်ပါသည်။ ထိုနည်းလမ်းများဖြင့်သာ လူသားတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာလိုအပ်ချက်နှင့် လိုလားချက်များကို အကောင်းဆုံးဖြည့်ဆည်းထိန်းညှိပေးနိုင်ပြီး မိမိတို့၏ ကလေးငယ်များနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် စည်ပင်သာယာ၍ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်ပါသည်။

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါကူးစက်ပြန့်ပွားမှုသည် မြန်မာနိုင်ငံကိုလည်း ခြွင်းချက်မထားခဲ့ဘဲ ယခုနှစ်ဇူလိုင်လ တတိယလှိုင်းတွင် ထိခိုက်မှုပိုမို ပြင်းထန်ခဲ့ပါသည်။ အခြားနိုင်ငံများတွင် ဖြစ်ပွားနေကြသကဲ့သို့ ကိုဗစ်-၁၉ ကပ်ရောဂါ၏ ပြင်းထန်ဆိုးရွားသည့် နောက်ဆက်တွဲ သက်ရောက်မှုကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများတွင် ထိခိုက်နစ်နာခဲ့ပြီး ရေရှည်လူမှုစီးပွားအကျိုးဆက်များလည်း ဖြစ်ပေါ်နိုင်ပါသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအစိုးရအနေဖြင့် ကပ်ရောဂါ၏ အကျိုးဆက်များကို ခံစားနေရသည့် ပြည်သူလူထုအတွက် အသက်ကယ်ဆယ်ရေးလုပ်ငန်းများ လွယ်ကူချောမောစေရန် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ တစ်ဖက်တွင်လည်း အချို့နိုင်ငံများနှင့် အဖွဲ့အစည်းများ၏ အဟန့်အတား၊ အနှောင့်အယှက်များကြားမှ မြန်မာနိုင်ငံအား မူလအခြေအနေနှင့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်ရောက်ရှိစေရန် နိုင်ငံ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရေး မြန်မာနိုင်ငံ၏ ကတိကဝတ်နှင့်အညီ တပ်မတော်က ယာယီအပစ်အခတ်ရပ်စဲရေးကို ၂၁-၁၂-၂၀၁၈ ရက်မှ ယနေ့ထိတိုင်အောင် အကြိမ်(၂၀)အထိ တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

ထို့အတူ တပ်မတော်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကမ္ဘာလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးတောင်းဆိုချက်ကို ထောက်ခံအားပေးခဲ့ပြီး စစ်ဆင်ရေးလှုပ်ရှားမှုများကို ၁-၉-၂၀၂၀ ရက်မှစ၍ ရပ်ဆိုင်းထားခဲ့ပါသည်။ ပြီးခဲ့သည့် ၂၇-၉-၂၀၂၁ ရက်တွင်လည်း တပ်မတော်က ယာယီအပစ်အခတ်ရပ်စဲရေးကာလကို ၁-၁၀-၂၀၂၁ ရက်မှ ၂၈-၂-၂၀၂၂ ရက်အထိ ငါးလကြာအောင် တိုးမြှင့်ရန် ကြေညာချက်တစ်ရပ် ထပ်မံထုတ်ပြန်ခဲ့ပါသည်။

**“မြန်မာနိုင်ငံအစိုးရအနေဖြင့် ကပ်ရောဂါ၏ အကျိုးဆက်များကို ခံစားနေရသည့် ပြည်သူလူထုအတွက် အသက်ကယ်ဆယ်ရေးလုပ်ငန်းများ လွယ်ကူချောမောစေရန် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ တစ်ဖက်တွင်လည်း အချို့နိုင်ငံများနှင့် အဖွဲ့အစည်းများ၏ အဟန့်အတား၊ အနှောင့်အယှက်များကြားမှ မြန်မာနိုင်ငံအား မူလအခြေအနေနှင့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်ရောက်ရှိစေရန် နိုင်ငံ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိ၊ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရေး မြန်မာနိုင်ငံ၏ ကတိကဝတ်နှင့်အညီ တပ်မတော်က ယာယီအပစ်အခတ်ရပ်စဲရေးကို ၂၁-၁၂-၂၀၁၈ ရက်မှ ယနေ့ထိတိုင်အောင် အကြိမ်(၂၀)အထိ တိုးမြှင့်သတ်မှတ်ခဲ့”**

ထိုသို့သော အခြေအနေမျိုး၌ အပြန်အလှန်လေးစားမှု၊ မျှတမှုနှင့် ဘက်မလိုက်မှုစံနှုန်းများအပေါ်အခြေခံ၍ ပွင့်လင်းမှုရှိပြီး အားလုံးပါဝင်နိုင်သည့် နည်းလမ်းဖြင့် စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် စုပေါင်းအင်အားရယူနိုင်ရန် ကုလသမဂ္ဂအဖွဲ့ကြီးသည် မိမိတို့အားလုံးအတွက် မျှော်လင့်ချက် သင်္ကေတဖြစ်ပါသည်။ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူညီမျှမှု၊ ဘက်မလိုက်မှုနှင့် ဓမ္မဓိဋ္ဌာန်ကျမှု မူဝါဒများကို ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင် အတိအလင်း ထည့်သွင်းထားပါသည်။

သို့ဖြစ်ရာ နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှု မူဝါဒအပေါ် သံသယများကြီးထွားလာချိန်တွင် ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် အထက်ပါ မြင့်မြတ်သောစံနှုန်းများကို နိုင်ငံအားလုံးအပေါ် နိုင်ငံရေးရည်ရွယ်ချက်မရှိဘဲ တစ်ပြေးညီကျင့်သုံးရန် အလွန်အရေးကြီးပါသည်။ ထို့အပြင် ကုလသမဂ္ဂအနေဖြင့် ၎င်း၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ ရှားပါးသောအရင်းအမြစ်များကို ခွဲဝေရာတွင်လည်းကောင်း အထိရောက်ဆုံးဖြစ်စေရန် လိုအပ်ပါသည်။ ကုလသမဂ္ဂအဖွဲ့အနေဖြင့် ကမ္ဘာ့ပြည်သူများ၏ မျှော်လင့်ချက် မီးရှူးတန်ဆောင်အဖြစ်ရှိသင့်ပြီး ပဋိညာဉ်စာတမ်းမှ အပ်နှင်းထားသော တာဝန်များကို ကုလသမဂ္ဂအဖွဲ့ကြီးက ကောင်းမွန်ဖြောင့်မတ်စွာ ထမ်းဆောင်နိုင်ရေးအတွက် မိမိတို့လူသားများအနေဖြင့် စည်းလုံးညီညွတ်စွာ အထောက်အကူပြုသင့်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ရည်မှန်းချက်နှင့် မူဝါဒများကို အခိုင်အမာယုံကြည်ပြီး မိမိတို့လူသားများအားလုံးအတွက် ကျန်းမာချမ်းသာကြွယ်ဝ၍ တိုးတက်ရှင်သန်သော ကမ္ဘာကြီးတစ်ခု တည်ဆောက်နိုင်ရေးအတွက် ကုလသမဂ္ဂ၏ အပြုသဘောဆောင် ကြိုးပမ်းအားထုတ်မှုများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည့် ကတိကဝတ်ကို ထပ်လောင်းအတည်ပြုအပ်ပါသည်။




ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများက "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်အပိုင်း(၁) တည်ထားပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားတွင် ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တာပို့ဂါထာတော်များကို နာယူကြည်ညိုကြစဉ်။

❐ *ရှေ့ဖုံးမှ*

ကောင်စီအဖွဲ့ဝင်များ၊ ကောင်စီအတွင်းရေးမှူး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

## နာယူကြည်ညို

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တာပို့ဂါထာတော်များကို နာယူကြည်ညိုကြသည်။ ထို့နောက် ဘုရားဒါယကာ၊ ဒါယိကာမများက ရတနတ္တပူဇာ ဂါထာတော်နှင့် သဗ္ဗသင်္ဂါဟက မေတ္တာပို့လင်္ကာ တို့ကို သံပြိုင်ညီညာရွတ်ဆိုပွားများ ပူဇော်ကြသည်။

ထို့နောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရတနာပလ္လင်တော်ပူဇော်မည့်နေရာတွင် နေရာယူပြီး မင်္ဂလာအချိန်တွင် မာရဝိဇယရတနာပလ္လင်တော် အပိုင်း(၁)အား ရတနာရွှေမှုလီ တပ်ဆင်ပူဇော်ကာ ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

## ရွတ်ဆိုပူဇော်

ယင်းနောက် မာရဝိဇယရတနာပလ္လင်တော်မြတ်အား ပေါက်မြိုင်ဆရာတော်ကြီး အမှူးပြုသည့် ဘုရားဒါယကာများက ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြပြီး သံဃာတော်အရှင်သူမြတ်များ ဦးဆောင်၍ "ဇယန္တော ဗောဓိယာ မူလေ" အစ ချီသည့် ဇယမင်္ဂလာအောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြသည်။

## ဩဝါဒခံယူ

ဆက်လက်ပြီး အောင်ဆုမင်္ဂလာအမျှဝေစာတမ်းလွှာဖတ်ကြား၍ မေတ္တာပို့အမျှ ပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ထို့နောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပေါက်မြိုင်ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်ကြီးများအား ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ တင်ပြလျှောက်ထားပြီး ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူသည်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယ ရတနာပလ္လင်တော် အပိုင်း(၁)အား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။

ယင်းနောက် အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

## လမ်းညွှန်မှာကြား

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေး ရှင်းလင်းဆောင်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းနှင့် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်စွာလင်းတို့က "မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး" တည်ထား ကိုးကွယ်နိုင်ရေးအတွက်

*စာမျက်နှာ ၅ သို့*



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆရာတော်ကြီးများအား ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ တင်ပြလျှောက်ထားပြီး ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မာရဝိဇယ ရတနာပလ္လင် တော် အပိုင်း(၁)အား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။






ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား "မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး" တည်ထားကိုးကွယ်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့်ပတ်သက်ပြီး တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၄ မှ*

စကျင်ကျောက်တော်ကြီးအား တူးဖော်ခဲ့မှု၊ နေပြည်တော်သို့ပင့်ဆောင်ခဲ့မှု၊ ပလ္လင်တော်နှင့် ကိုယ်ထည်ပိုင်းတို့အား ထုဆစ်ခြင်းနှင့် တွဲဆက်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ပိဋကတ်သုံးပုံကျောက်စာများကို ပါဠိဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ရေးထိုးပူဇော်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

**ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထား**

အဆိုပါ "မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး" ဟူသည့် အမည်နာမသည် "မာရ်နတ်မင်း၏ အနှောင့်အယှက်ရန်စွယ် အန္တရာယ်အပေါင်းကို အထူးအောင်မြင်တော်မူသော မြတ်စွာဘုရား" ဟု အဓိပ္ပာယ်ဖော်ဆောင်ကြောင်း၊ "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးသို့ ပြည်တွင်းပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထားကိုးကွယ်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရုပ်ပွားတော်မြတ်ကြီးကို မြတ်စွာဘုရားရှင်၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့နှင့် သင့်လျော်ညီညွတ်သည့် ဘူမိဖဿမုဒြာဟန်ဖြင့် ထုဆစ်ပူဇော်သွားမည်ဖြစ်ပြီး ပလ္လင်တော်အမြင့် ၁၈ ပေ၊ ဉာဏ်တော်အမြင့် ၆၃ ပေ၊ စုစုပေါင်း ၈၁ ပေ အမြင့်ရှိမည်ဖြစ်ကြောင်း၊ ယခုတည်ထားကိုးကွယ်မည့် "မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး" တည်ထားကိုးကွယ်ပြီးစီးပါက မြန်မာတွင်သာမက ကမ္ဘာ့နိုင်ငံများတွင်ပါ စကျင်ကျောက်တော်ကြီးဖြင့် ထုဆစ်သည့် ဆင်းတုတော်ကြီးများအနက် အကြီးဆုံးနှင့် ဉာဏ်တော်အမြင့်မားဆုံး ဆင်းတုတော်ကြီးဖြစ်လာမည် ဖြစ်ကြောင်း၊ ရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော်ကို စကျင်ကျောက်တော်ကြီး အပိုင်း ၅ ပိုင်းဖြင့် ထုဆစ်ပူဇော်သွားမည်ဖြစ်ပြီး ယခုထုဆစ်ပြီးစီး၍ တည်ထားပူဇော်သည့် ပလ္လင်တော် အပိုင်း (၁) သည် အလေးချိန် ၆၅၅ တန် ရှိကြောင်းနှင့် ရုပ်ပွားတော်မြတ်ကြီး၏ ပင်မကိုယ်ထည်ပိုင်းကို အပိုင်း ၄ ပိုင်းဖြင့် ထုဆစ်ပူဇော်သွားမည်ဖြစ်ကာ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**"ယခုတည်ထားကိုးကွယ်မည့် "မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး" တည်ထားကိုးကွယ်ပြီးစီးပါက မြန်မာတွင်သာမက ကမ္ဘာ့နိုင်ငံများတွင်ပါ စကျင်ကျောက်တော်ကြီးဖြင့် ထုဆစ်သည့် ဆင်းတုတော်ကြီးများအနက် အကြီးဆုံးနှင့် ဉာဏ်တော်အမြင့်မားဆုံး ဆင်းတုတော်ကြီးဖြစ်လာမည်"**

သတင်းစဉ်

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၃**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ(NSPC)နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိအမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ကော်မတီဝင်များ၊ နိုင်ငံရေးပါတီ (၁၄) ပါတီမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ(NSPC)နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။

တွေ့ဆုံပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် နိုင်ငံရေးပါတီများကိုယ်စား မြန်မာအမျိုးသားကွန်ဂရက်ပါတီဥက္ကဋ္ဌ ဦးကောင်းမြင့်ထွဋ်တို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြသည်။

ထို့နောက်ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်တို့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်ခဲ့မှုနှင့် လက်ရှိဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက ငြိမ်းချမ်းရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**အမှာစကား ပြောကြား**

ယင်းနောက် နိုင်ငံရေးပါတီများကိုယ်စား ဖက်ဒရယ်ပြည်ထောင်စုပါတီဥက္ကဋ္ဌ ဦးစောသန်းမြင့်နှင့် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကား ပြောကြားကြကာ တွေ့ဆုံပွဲကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

# အာဆီယံထိပ်သီးအစည်းအဝေးနှင့် မြန်မာနိုင်ငံ

*ကိုမြန်မာ*

**ယခုအခါ အောက်တိုဘာလ ၂၆ ရက်နေ့တွင် ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးသို့ မြန်မာနိုင်ငံမှ နိုင်ငံရေးအရခန့်အပ်သည့်ရာထူး မဟုတ်သော ကိုယ်စားလှယ်တစ်ဦးကိုသာ အာဆီယံအမြဲတမ်းကော်မတီဥက္ကဋ္ဌက ဖိတ်ကြားမည်ဆိုသည့်သတင်းအပေါ်တွင် စိတ်ဝင်စားမှုများ မြင့်တက်လျက်ရှိကြရာ ယင်းကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံဘက်မှအမြင်ကို ပြည်သူများ သိရှိနိုင်ရန် သုံးသပ်တင်ပြလိုပါသည်။**

ဤကိစ္စ၏ မူလအစမှာ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အထူးအစည်းအဝေးတွင် စတင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ အစည်းအဝေး၌ အချို့သောအာဆီယံ အဖွဲ့ဝင်နိုင်ငံများက မြန်မာနိုင်ငံသည် ဧပြီလ ၂၄ ရက်နေ့ အရေးပေါ်ထိပ်သီးအစည်းအဝေးတွင် ချမှတ်ခဲ့သော တူညီဆန္ဒငါးရပ်ကို လိုက်နာရန် နှောင့်နှေး/ ပျက်ကွက်သည်ဟု စွပ်စွဲကာ ယင်းအတွက် မြန်မာနိုင်ငံကို လာမည့်အာဆီယံထိပ်သီးအစည်းအဝေးသို့ လုံးဝဖိတ်ကြားရန် မသင့်ဟုပင် ဖိအားပေးပြောဆိုလာခဲ့ကြသည်။ မြန်မာနိုင်ငံအပေါ် နားလည်စာနာမှုရှိသော အချို့နိုင်ငံတို့ကမူ အာဆီယံ၏ ပဋိညာဉ်၌ အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအား ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခွင့် မပြုရန် ကန့်သတ်နိုင်သည့် ပြဋ္ဌာန်းချက်မရှိပါကြောင်း ထောက်ပြပြောဆိုခဲ့ကြပြီး မြန်မာနိုင်ငံဘက်မှ ဖြစ်ပေါ်နေသည့် အခြေအနေများကိုလည်း ထည့်သွင်းစဉ်းစားရန်လိုမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။ မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဤကိစ္စသည် အာဆီယံ၏မူဝါဒ၊ ပဋိညာဉ်တို့တွင် ပါရှိခြင်းလည်းမရှိ၊ တူညီဆန္ဒလည်း မရှိဘဲ ဆောင်ရွက်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံက သဘောမတူကြောင်း ပြင်းထန်စွာကန့်ကွက်ပြောကြားခဲ့သည်။ ထို့အပြင် ယင်းကန့်ကွက်ချက်ကို မှတ်တမ်းတင်ပေးရန်နှင့် အစည်းအဝေးသဘာပတိဖြစ်သော ဘရူနိုင်းနိုင်ငံက ထုတ်ပြန်မည့် ထုတ်ပြန်ကြေညာချက်တွင်လည်း မြန်မာနိုင်ငံ၏သဘောထားကို ထည့်သွင်းဖော်ပြပေးရန် ပြောကြားခဲ့ပါသည်။

တူညီဆန္ဒမရရှိခဲ့သော အဆိုပါအထူးအစည်းအဝေးမှ သဘာပတိ အာဆီယံအမြဲတမ်းကော်မတီ အလှည့်ကျဥက္ကဋ္ဌ၏ မိမိသဘောဖြင့် ထုတ်ပြန်ကြေညာချက်ကို အထောက်အထားပြုလျက် အာဆီယံ အမြဲတမ်းကော်မတီ အလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး (၂) က မြန်မာနိုင်ငံခြားရေးဝန်ကြီး ထံသို့ လာမည့်ထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံဘက်မှ နိုင်ငံရေးအရခန့်အပ်သည့်ရာထူး မဟုတ်သော ကိုယ်စားလှယ်ကိုသာ ဖိတ်ကြားသွားမည်ဖြစ်ကြောင်း အကြောင်းကြားလာခဲ့ပြီး တရားဝင်စာဖြင့်လည်း မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်ကို လိပ်မူလျက် ဖိတ်ကြားစာပေးပို့ခဲ့သည်။ ယင်းဖိတ်ကြားစာတွင် မြန်မာကိုယ်စားလှယ်သည် ထိပ်သီးအစည်းအဝေး၌ စကားပြောကြားခွင့် အချိန်သုံးမိနစ်သာ ရရှိမည်ဖြစ်ပြီး ယင်းသို့ ပြောကြားမည့် အကြောင်းအရာကိုလည်း ကြိုတင်ပေးပို့သွားရမည်ဟု ပါရှိသည်။

ဤကိစ္စနှင့်ပတ်သက်၍ အချို့သော အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ မြန်မာနိုင်ငံအပေါ် အခြေအမြစ်မရှိသော စွပ်စွဲချက်များကိုအခြေခံ၍ နိုင်ငံရေးအရဖိအားပေးရန်အလို့ငှာ အာဆီယံထိပ်သီးဆွေးနွေးပွဲအား မြန်မာနိုင်ငံပါဝင်တက်ရောက်ခွင့်ကို ကန့်သတ်ပိတ်ပင်၊ အဆင့်လျှော့ချရန် ကြိုးပမ်းမှုများသည် အာဆီယံ၏ ပဋိညာဉ်စာတမ်းပါ မူဝါဒ၊ ရည်မှန်းချက်နှင့် ပြဋ္ဌာန်းချက်များကို ပြောင်ကျကျချိုးဖောက်လျက်ရှိကြောင်း အောက်ပါအတိုင်း တွေ့ရှိရပါသည်။

**လုပ်ပိုင်ခွင့်ဘောင်ကျော်နေမှု**

ပထမဆုံးထောက်ပြရမည့်အချက်မှာ အာဆီယံပဋိညာဉ်၏ အခန်း(၄) အပိုဒ်(၈) (၂) အရ အာဆီယံထိပ်သီးအစည်းအဝေးများ ကျင်းပရေးအတွက် ပြင်ဆင်ရမည့်အဖွဲ့အစည်းမှာ အာဆီယံ လုပ်ငန်းညှိနှိုင်းပေါင်းစပ်ရေးကောင်စီသာဖြစ်ပြီး အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး မဟုတ်ပေ။ အာဆီယံပဋိညာဉ် အခန်း(၄) အပိုဒ်(၁၀) (၁) အရ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး အပါအဝင် အာဆီယံဝန်ကြီးအဆင့် ကဏ္ဍအလိုက်အဖွဲ့အစည်းများသည် ယင်းတို့နှင့်သက်ဆိုင်သော သတ်မှတ်ထားသည့်လုပ်ပိုင်ခွင့်နှင့်အညီသာ လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းတို့၏ လုပ်ပိုင်ခွင့်ပေးထားခြင်းမရှိသော လုပ်ငန်းများကို ဘောင်ကျော်၍ လုပ်ဆောင်ခွင့်မရှိပေ။ ထို့အပြင် ယင်းအစည်းအဝေး၌ ကိစ္စတစ်ရပ်ကို ဆုံးဖြတ်ပိုင်ခွင့်ရှိသည် မဟုတ်ဘဲ ယင်းတို့၏ သက်ဆိုင်ရာ အာဆီယံအသိုက်အဝန်းကောင်စီ အသီးသီးသို့ အစီရင်ခံစာနှင့် ထောက်ခံချက်များသာ တင်သွင်းရမည်ဖြစ်သည်။

စင်စစ်၌ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ အထက်ရှိ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းကောင်စီသည်ပင်လျှင် ပဋိညာဉ်၏ အခန်း(၄) အပိုဒ်(၉) (၄) အရ အာဆီယံထိပ်သီးအစည်းအဝေး၏ သက်ဆိုင်ရာဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်သာဖြစ်ပြီး မိမိကိုယ်တိုင်ကိစ္စရပ်များကို ဆုံးဖြတ်ပိုင်ခွင့်မရှိပေ။ မိမိပတ်သက်ရာ နယ်ပယ်အောက်ရှိ ကိစ္စရပ်များအတွက် အာဆီယံထိပ်သီးအစည်းအဝေးသို့ အစီရင်ခံစာများနှင့် ထောက်ခံချက်များသာ တင်သွင်းရမည်ဖြစ်သည်။ ထို့အပြင် ပဋိညာဉ် အခန်း(၇) အပိုဒ်(၂၀) အရ အခြေခံမူတစ်ရပ်အဖြစ် အာဆီယံတွင် ဆုံးဖြတ်ချက်ချမှတ်မှုကို တိုင်ပင်ဆွေးနွေးခြင်းနှင့် အဖွဲ့ဝင်အားလုံး၏ တူညီဆန္ဒပေါ်တွင် အခြေပြုရမည်ဟု သတ်မှတ်ထားရာ မြန်မာနိုင်ငံက သဘောမတူကန့်ကွက်ထားသော ကိစ္စတစ်ရပ်ကို မည်သို့မျှ ဆုံးဖြတ်ချက်တစ်ရပ်အဖြစ် ချမှတ်ပိုင်ခွင့်မရှိပေ။

**ဆုံးဖြတ်ချက်ပေးနိုင်သည့်အဖွဲ့အစည်း**

အာဆီယံ၏ ပဋိညာဉ် အခန်း(၄) အပိုဒ်(၇) (၂) အရ အာဆီယံ၏ မူဝါဒချမှတ်ပေးသည့် အမြင့်ဆုံးအဖွဲ့အစည်းမှာ အာဆီယံထိပ်သီး အစည်းအဝေးဖြစ်ပြီး ဤထိပ်သီးအစည်းအဝေးကသာ အာဆီယံ လုပ်ငန်း ပေါင်းစပ်ညှိနှိုင်းရေးကောင်စီ၊ အာဆီယံအသိုက်အဝန်း ကောင်စီများနှင့် အာဆီယံဝန်ကြီးအဆင့်ကဏ္ဍအလိုက် အဖွဲ့အစည်းများက တင်ပြလာသည့်ကိစ္စရပ်များအပေါ်တွင် ဆွေးနွေးခြင်း၊ မူဝါဒပိုင်းဆိုင်ရာ လမ်းညွှန်မှုပေးခြင်းနှင့် ဆုံးဖြတ်ခြင်း ပြုရမည်ဖြစ်သည်။ သို့ဖြစ်ရာ အမှန်တကယ်ဆုံးဖြတ်ပိုင်ခွင့်ရှိသည့် အာဆီယံထိပ်သီး အစည်းအဝေးတွင် ပါဝင်တက်ရောက်ရမည့် နိုင်ငံ့ခေါင်းဆောင်တစ်ဦး အား အစည်းအဝေး တက်ရောက်ခွင့် ပြု/မပြု ဆိုသည့်ကိစ္စကို ယင်းထိပ်သီးအစည်းအဝေး၏ အောက်နှစ်ဆင့်နိမ့်သည့် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၌ တက်ရောက်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီး အနည်းငယ်၏ သဘောထားဆန္ဒအရဟုဆိုကာ တူညီဆန္ဒ မရှိဘဲ လုပ်ပိုင်ခွင့်ကိုကျော်လွန်၍ အစည်းအဝေး သဘာပတိက “ဆုံးဖြတ်ခဲ့သည်”ဟု မိမိသဘောအလျောက် ထုတ်ပြန်ကြေညာခဲ့သည်မှာ အာဆီယံပဋိညာဉ်၏ ပြဋ္ဌာန်းချက်ပေါင်းများစွာကို သိသိကြီးနှင့် ကျော်လွန်ချိုးဖောက်ရာ ရောက်နေပေသည်။

**တန်းတူမှု**

အမှန်စင်စစ် ပဋိညာဉ် အပိုဒ်(၇) (၁) အရ အာဆီယံထိပ်သီးအစည်းအဝေးကို အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံအကြီးအကဲ (သို့မဟုတ်) အစိုးရအဖွဲ့အကြီးအကဲများအားလုံးနှင့် ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်ပြီး အပိုဒ်(၅) (၁) အရ အဖွဲ့ဝင်နိုင်ငံများသည် တူညီသည့်အခွင့်အရေးများနှင့် တာဝန်များရှိကြသည်။ ထို့ကြောင့် အာဆီယံထိပ်သီးအစည်းအဝေးသို့ အဖွဲ့ဝင်ဖြစ်သော နိုင်ငံအကြီးအကဲတစ်ဦးသည် အခြားအဖွဲ့ဝင်နိုင်ငံများနှင့် တန်းတူတက်ရောက်ခွင့်ရှိရမည်ဖြစ်ပြီး ယင်းအခွင့်အရေးကို ပိတ်ပင်ကန့်သတ်တားဆီးနိုင်သည့် မည်သည့်ပြဋ္ဌာန်းချက်ကိုမျှ အာဆီယံပဋိညာဉ်တွင် ပြဋ္ဌာန်းထားခြင်း မရှိပေ။

ထို့အပြင် အာဆီယံ၏ အခြေခံမူများအား အပိုဒ်(၂) (၂) တွင် ဖော်ပြရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူရည်တူရှိမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အမျိုးသားရေးလက္ခဏာများကို လေးစားလိုက်နာခြင်းဟူသည့် အချက်က ရှေ့တန်းမှ ပါဝင်နေသကဲ့သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှုမရှိခြင်း၊ ပြင်ပမှ ဝင်ရောက်စွက်ဖက်မှု၊ ဖျက်လိုဖျက်ဆီးပြုမှုနှင့် ဖိအားပေးမှုများ ကင်းရှင်းစွာဖြင့် အမျိုးသားရေး တည်ရှိမှုဆိုင်ရာ အဖွဲ့ဝင်နိုင်ငံတိုင်း၏ အခွင့်အရေးကို လေးစားခြင်းဟူသော အချက်တို့လည်း ပါဝင်နေပေသည်။ ထို့ကြောင့် ယခုကဲ့သို့ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ပြောင်ကျကျပါဝင်စွက်ဖက်ရန် ကြိုးပမ်းလာကာ အာဆီယံထိပ်သီးအစည်းအဝေး တက်ရောက်ခွင့်နှင့် မသင့်မလျော် ချိတ်ဆက်ဖိအားပေးလာခြင်းသည် အာဆီယံ၏ အခြေခံမူများကို ပြင်းထန်စွာ ချိုးဖောက်ခြင်းဖြစ်ပြီး အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အာဆီယံပဋိညာဉ်ပါ လုပ်ထုံးလုပ်နည်းနှင့် လုပ်ပိုင်ခွင့်များကိုပါ ဘောင်ကျော်လုပ်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပေသည်။

**မြန်မာနိုင်ငံ၏ ရပ်တည်ချက်သဘောထား**

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်မှစ၍ ယနေ့ထက်တိုင် အာဆီယံ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် သစ္စာရှိရှိ၊ တာဝန်သိသိ ပါဝင်ရပ်တည်လျက်ရှိသည်။ အခြားအဖွဲ့ဝင်နိုင်ငံများ အားလုံးနှင့်လည်း အာဆီယံမိသားစုစိတ်ဓာတ်ဖြင့် ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက် ဆက်ဆံလျက်ရှိပေသည်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်ကို ဦးဆောင်ချမှတ်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံ၏ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်ပါ နိုင်ငံအချင်းချင်း အချုပ်အခြာအာဏာကိုလေးစားရေး၊ အပြန်အလှန် မကျူးကျော်ရေး၊ အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုမပြုရေး၊ အကျိုးတူကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ပြဿနာများကို ငြိမ်းချမ်းစွာ စေ့စပ်ညှိနှိုင်းဖြေရှင်းရေးဟူသော မူကြီးငါးချက်ကို အစဉ်အလေးထား လေးစားလိုက်နာလျက်ရှိသည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ အာဆီယံအမြဲတမ်းကော်မတီ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူခဲ့စဉ်က အိမ်နီးချင်းအဖွဲ့ဝင်နိုင်ငံတစ်ခုတွင် နိုင်ငံရေးမတည်ငြိမ်မှုနှင့် ဆူပူမှုအဓိကရုဏ်းများ အကြီးအကျယ် ဖြစ်ပွားခဲ့ပြီး စစ်ဘက်မှ အာဏာသိမ်းမှု ဖြစ်ပွားခဲ့ရသော်လည်း နိုင်ငံတစ်ခု၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှု မပြုသည့် အခြေခံမူကို လေးစားလိုက်နာလျက် အာဆီယံ ထိပ်သီးအစည်းအဝေးကို ယင်းနိုင်ငံမှ အကြီးအကဲ အပါအဝင် နိုင်ငံအားလုံးကိုဖိတ်ကြားကာ အောင်မြင်စွာ ဦးဆောင်ကျင်းပပေးခဲ့သည့် သာဓကရှိပေသည်။

> **❑ အမှန်တကယ်ဆုံးဖြတ်ပိုင်ခွင့်ရှိသည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် ပါဝင်တက်ရောက်ရမည့် နိုင်ငံ့ခေါင်းဆောင်တစ်ဦးအား အစည်းအဝေးတက်ရောက်ခွင့် ပြု/မပြု ဆိုသည့်ကိစ္စကို ယင်းထိပ်သီးအစည်းအဝေး၏ အောက်နှစ်ဆင့်နိမ့်သည့် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၌ တက်ရောက်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးအနည်းငယ်၏ သဘောထားဆန္ဒအရဟုဆိုကာ တူညီဆန္ဒ မရှိဘဲ လုပ်ပိုင်ခွင့်ကိုကျော်လွန်၍ အစည်းအဝေးသဘာပတိက “ဆုံးဖြတ်ခဲ့သည်”ဟု မိမိသဘောအလျောက် ထုတ်ပြန်ကြေညာခဲ့သည်မှာ အာဆီယံပဋိညာဉ်၏ ပြဋ္ဌာန်းချက်ပေါင်းများစွာကို သိသိကြီးနှင့် ကျော်လွန်ချိုးဖောက်ရာ ရောက်နေပေသည်**

*စာမျက်နှာ ၇ သို့*

❊ ကျောဖုံးမှ

ထိုသို့ ကျောင်းသား၊ ကျောင်းသူများကို ကာကွယ်ဆေးထိုးနှံပေးလျက်ရှိရာ နေပြည်တော်ရှိ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်ခန်းမ၌ အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုအခြေအနေများကို ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာ ညွန့်ဖေ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဒေါက်တာ သက်သက်ခိုင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်တို့နှင့်အတူ သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားသည်။ ထို့နောက် ကာကွယ်ဆေးထိုးနှံရန် လာရောက်သည့် ကျောင်းသား၊ ကျောင်းသူများအား Mask များ အခမဲ့ပေးဝေခဲ့ပြီး ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပြီးသူများအား ကာကွယ်ဆေးထိုးမှတ်တမ်း ကတ်ပြားထုတ်ပေးနိုင်ရန်အတွက် QR Code စနစ်ဖြင့် ဆောင်ရွက်ထားသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါမင်္ဂလာဗျူဟာခန်းမတွင် အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများကို အောက်တိုဘာ ၁၂ရက်မှစ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံပေးလျက်ရှိပြီး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများအား နှာခေါင်းစည်းများ ပေးဝေနေစဉ်။

စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၁၁၅၅၆ ဦးကို ကာကွယ်ဆေးများ ထိုးနှံပေးသွားမည်ဖြစ်ရာ ယနေ့အထိ ၃၈၁၄ ဦး ထိုးနှံပြီးစီးခဲ့ကြောင်းနှင့် ကျန်ရှိသော ကျောင်းသား၊ ကျောင်းသူများကို ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၃** ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၂၂ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၂၁ ဦး၊ အမျိုးသမီး ၁၆၃ ဦး၊ စုစုပေါင်း ၃၈၄ ဦး၊ ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၇၀၊ အမျိုးသမီး ၃၃ ဦး၊ စုစုပေါင်း ၁၀၃ ဦး၊ လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား သုံးဦး၊ အမျိုးသမီး ငါးဦး၊ စုစုပေါင်း ရှစ်ဦးတို့ကို လက်ခံခဲ့ကြသည်။

ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



❑ ကျောဖုံးမှ

လူမှုရေးအသင်းအဖွဲ့အစည်းများမှ တက်ကြွစွာ ပံ့ပိုးဆောင်ရွက်မှုများကြောင့် ရောဂါပိုးတွေ့ရှိရမှုနှုန်းမှာ ကျဆင်းလာကြောင်း တွေ့ရှိရသော်လည်း ရောဂါပိုးတွေ့ရှိရမှုနှုန်း ပိုမိုကျဆင်းလာစေရန်၊ ရောဂါကူးစက်မှုကွင်းဆက်အား ဖြတ်တောက်နိုင်စေရန်နှင့် ရောဂါထိန်းချုပ်ခြင်းလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် လိုအပ်သည့်အပြင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အသက် ၁၂နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိခြင်း၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ခြင်းတို့ကြောင့် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်းများ (ပုဂ္ဂလိကကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအပါအဝင်)အား ၂၅-၁၀-၂၀၂၁ ရက်နေ့မှ ၃၁-၁၀-၂၀၂၁ ရက်နေ့အထိ ဆက်လက်၍ ယာယီပိတ်ထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

*စာမျက်နှာ ၆ မှ*

သို့ပင်လျက် ယခုမြန်မာနိုင်ငံနှင့် ပတ်သက်သည့် ကိစ္စတွင် နောက်ကွယ်မှ အင်အားကြီးအုပ်စုအချို့၏ နိုင်ငံရေးဖိအားများကို မလွန်ဆန်နိုင်သည့် အဖွဲ့ဝင်နိုင်ငံအချို့က မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေးနှင့်ပတ်သက်၍ လိုသလိုဖိအားပေးပုံသွင်းနိုင်ရေးအတွက် မည်သို့မျှ စပ်ဆိုင်ဆီလျော်ခြင်းမရှိသည့် အာဆီယံထိပ်သီးအစည်းအဝေး တက်ရောက်ရေးကိစ္စနှင့် ဖွတ်အတင်း ဆက်စပ်ဖိအားပေးအကျပ်ကိုင်ရန် ကြိုးပမ်းလာခြင်းမှာ **အာဆီယံ၏ပဋိညာဉ်စာတမ်းမှ နိဒါန်းစာပိုဒ်တွင် ပါဝင်သည့် "တစ်ခုတည်းသောအမြင်၊ တစ်ခုတည်းသော အသွင်လက္ခဏာ၊ တစ်ခုတည်းသော ကောင်းတူဆိုးဖက် "အသိုက်အဝန်း" ဟူသည့် သဘောထားရည်မှန်းချက်နှင့် စည်းလုံးညီညွတ်မှု၊ တူညီသောဆန္ဒနှင့် စုပေါင်းစိတ်ဆုံးဖြတ်မှုတို့ဖြင့် ပေါင်းစည်းကြမှု" ဟူသည့် ကောင်းမြတ်သောစိတ်ဆန္ဒ ရည်မှန်းချက်များကို ချိုးဖဲ့ဖျက်ဆီးရာ ရောက်နေကြောင်း ဝမ်းနည်းဖွယ်တွေ့မြင်ရပေသည်။**

မြန်မာနိုင်ငံအနေဖြင့် အာဆီယံ၏ တာဝန်သိသော တာဝန်ကျေသော အဖွဲ့ဝင်တစ်ဦးအဖြစ် ရပ်တည်လျက်ရှိပြီး၊ အာဆီယံအဖွဲ့ကြီး၏ အခြေခံကျောရိုးသဖွယ်ဖြစ်သော အာဆီယံ၏ ပဋိညာဉ်ကို ဤကဲ့သို့ လိုရာဆွဲ ချိုးဖောက်လုပ်ဆောင်လာမှုများကို အဖွဲ့ကြီး၏ ရေရှည်အကျိုးစီးပွားအလို့ငှာ မည်သို့မျှ မျက်ကွယ်ပြု လျစ်လျူရှုထား၍ ဖြစ်နိုင်မည် မဟုတ်ပေ။ ဤသို့လုပ်ဆောင်မှုများကို လက်လွှတ်စပယ်ခွင့်ပြုလိုက်ပါက မျက်မှောက်ကာလကဲ့သို့ ဒေသတွင်း၌ မဟာဗျူဟာ အင်အားပြိုင်ဆိုင်မှု ပြင်းထန်နေချိန်တွင် အာဆီယံအဖွဲ့ကြီးအတွင်း စိတ်ဝမ်းကွဲပြားမှုများ ကျယ်ပြန့်လာနိုင်ပြီး အာဆီယံ၏ စည်းလုံးညီညွတ်မှုနှင့် အချက်အချာကျမှုတို့ကိုပါ ခြိမ်းခြောက်လာနိုင်သည့် အလားအလာရှိလာမည် ဖြစ်ပေသည်။

ထို့အပြင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုအနေဖြင့် မြန်မာနိုင်ငံသည် နိုင်ငံတကာဥပဒေနှင့် နိုင်ငံတကာဆက်ဆံရေးကျင့်ထုံးများနှင့်အညီ အာဆီယံအဖွဲ့ကြီး၏ ပဋိညာဉ်ပါ တန်းတူညီမျှမှုနှင့် အခြားရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းသွားရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ယခုပေါ်ပေါက်လျက်ရှိသော အငြင်းပွားမှုကိစ္စနှင့် ပတ်သက်၍ အာဆီယံပဋိညာဉ် အခန်း(၈) အပိုဒ်(၂၂) အရ အငြင်းပွားမှုကို တွေ့ဆုံဆွေးနွေးခြင်း၊ တိုင်ပင်ဆွေးနွေးခြင်း၊ စေ့စပ်ဆွေးနွေးခြင်းနည်းတို့ဖြင့် အချိန်မီ ငြိမ်းချမ်းစွာဖြေရှင်းရန် မြန်မာနိုင်ငံဘက်မှ ဆန္ဒရှိပါသည်။ ထိုသို့ အငြင်းပွားမှုကို ဖြေရှင်းရာတွင်လည်း အပိုဒ်(၂၃)ပါ နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာတာဝန်ရှိသူများထံ ကြားဝင်ဖျန်ဖြေဆောင်ရွက်ပေးနိုင်ရေးအတွက် မေတ္တာရပ်ခံ၍ ကြိုးပမ်းဖြေရှင်းသွားမည်ဖြစ်ပြီး ဖြေရှင်း၍မရနိုင်ပါက အပိုဒ်(၂၆) တွင် ဖော်ပြထားသည့်အတိုင်း အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်ပြသွားရန်သာ ရှိပေတော့သည်။

မြန်မာနိုင်ငံအနေဖြင့်မူ မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွား၊ ဒေသတွင်း အကျိုးစီးပွားနှင့် နိုင်ငံတကာ ရေရှည်အလားအလာတို့ကို ထည့်သွင်းတွက်ဆလျက် အာဆီယံအဖွဲ့၏ တာဝန်သိသော အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ်ဆက်လက်၍ အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်သွားခြင်းသည်သာ အကောင်းဆုံးနည်းလမ်း ဖြစ်ပေသည်။ အာဆီယံ၏ တူညီဆန္ဒငါးချက် အပါအဝင် မြန်မာနိုင်ငံ၏ ကတိကဝတ်နှင့် ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကိုလည်း နိုင်ငံ၏အချုပ်အခြာအာဏာနှင့် အဓိကကျသော အမျိုးသားအကျိုးစီးပွားမူဘောင်အတွင်းမှ အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်သွားရမည် ဖြစ်သည်။

အခြားအာဆီယံ အဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း အာဆီယံ၏ ပဋိညာဉ်ပါ ရည်မှန်းချက်၊ မူဝါဒ၊ ပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်မှုနှင့် အာဆီယံအဖွဲ့အတွင်း တန်းတူညီမျှမှုတို့ကို လေးစားလျက်၊ အာဆီယံမိသားစုစိတ်ဓာတ်၊ အာဆီယံနည်းလမ်းတို့ကို အခြေပြုကာ ဘေးပယောဂများမပါဝင်ဘဲ အငြင်းထွက်အကြောင်းအရာများကို အဖွဲ့ဝင်အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းပြီး တူညီဆန္ဒရယူ ဖြေရှင်းခြင်းသည်သာ အကောင်းဆုံး နည်းလမ်းဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါသတည်း။ ။

● *ကျောဖုံးမှ*

နိုင်ငံရေးခေါင်းဆောင်များနှင့် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲသည် တရားမျှတမှု၊ သန့်ရှင်းမှုနှင့် ရိုးသားမှုများရှိပါက သက်ဆိုင်ရာ အာဏာရအစိုးရအနေဖြင့် တရားဥပဒေနှင့်အညီဖြေရှင်းရမည်ဖြစ်သော်လည်း မဖြေရှင်းခဲ့ကြောင်း တွေ့ရှိရသည်။

၃။ တပ်မတော်က နိုင်ငံတော်တာဝန်ရယူပြီး နောက်ပိုင်း၌လည်း ပထမလုပ်ငန်းစဉ်ဖြစ်သည့် "ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ခြင်း " လုပ်ငန်းကို ဆောင်ရွက်ရာတွင်လည်း သက်ဆိုင်သူများက ဥပဒေနှင့်အညီ ရင်ဆိုင်ခြင်းမပြုဘဲ ဆူပူအကြမ်းဖက်ဆန္ဒပြမှုများ၊ လက်နက်ကိုင်ဆန့်ကျင်ရန်လှုံ့ဆော်မှုများကို ရွေးချယ်ဆောင်ရွက်ခဲ့ကြသည်။ တပ်မတော်အနေဖြင့် ၎င်းအချိန်ကနေပြည်တော်တွင် စုစည်းရောက်ရှိနေသော လွှတ်တော်ကိုယ်စားလှယ်များကို ဆက်လက်ထိန်းသိမ်းထားရန် ဆောင်ရွက်နိုင်သော်လည်း စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ဖြင့် တိုင်းပြည်တည်ဆောက်နိုင်ရေး၊ ဥပဒေအရ ဖြေရှင်းနိုင်ရေး ရည်ရွယ်လျက် ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ ပြန်လည်စေလွှတ်/ပို့ဆောင်ပေးခဲ့သည်။ ၎င်းအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် CRPH အမည်ခံ အကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်အစိုးရအား စတင်ဆန့်ကျင်ခဲ့သည်။ ၎င်းတို့အထဲမှ NLD ပါတီလွှတ်တော် ကိုယ်စားလှယ်ဟောင်းအများစုသည် ဥပဒေအရ ဖြေရှင်းမှု နည်းလမ်းကိုမရွေးချယ်ဘဲ လူထုအား အကြမ်းဖက်ဆန္ဒပြမှု နည်းလမ်း၊ လက်နက်ကိုင်ဆန့်ကျင်မှုနည်းလမ်းသို့ရောက်ရှိအောင် ဆောင်ရွက်ခဲ့သည်။

### အကြမ်းဖက်အဖွဲ့အဖြစ် နိုင်ငံတော်မှကြေညာခဲ့

၄။ ဖေဖော်ဝါရီလ ၇ ရက်နေ့မှစတင်၍ ဆန္ဒပြ(Protests)မှုများ စတင်ခဲ့ကာ နောက်ပိုင်းတွင် ဆူပူဆန္ဒပြမှု(Riot)အသွင်၊ လူစုလူဝေးဖြင့်ဆူပူအကြမ်းဖက်ဆန္ဒပြမှု (Anarchic Mob)အသွင်၊ လက်နက်ဖြင့် တိုက်ခိုက်ခြင်း(Insurrection)အသွင်၊ အကြမ်းဖက် တိုက်ခိုက်ခြင်း (Terrorism)အသွင် ပြုလုပ်ခဲ့သည်။ ဆူပူဆန္ဒပြမှုဖြစ်စဉ်များ၌ အရှိန်အမြင့်ဆုံးကာလမှာ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ဖြစ်ပြီး ဆန္ဒပြပွဲများ၌ လူဦးရေ ၄.၈ သန်း သာပါဝင်ခဲ့သည်။ နောက်ပိုင်း၌ လက်နက်ကိုင် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဒေသအလိုက် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များဖွဲ့စည်း၍ ၎င်းတို့အား မထောက်ခံသည့် ပြည်သူလူထုကို တိုက်ခိုက်သတ်ဖြတ်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများအား တိုက်ခိုက်သတ်ဖြတ်ခြင်း၊ စာသင်ကျောင်း၊ ဆေးရုံနှင့် ဆေးခန်းများအပါအဝင် နိုင်ငံပိုင်အဆောက်အဦများအား မီးရှို့ခြင်း၊ မိုင်းထောင် ဖောက်ခွဲတိုက်ခိုက်ခြင်း၊ လမ်း၊ တံတားများကို တိုက်ခိုက်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် ၎င်းကိစ္စ များကို ဦးဆောင်ပြုလုပ်နေသည့် NUG နှင့် CRPH အမည်ခံ အကြမ်းဖက်များအား အကြမ်းဖက်အဖွဲ့အဖြစ် နိုင်ငံတော်မှကြေညာခဲ့သည်။

၅။ ၎င်းအကြမ်းဖက်အဖွဲ့များက နိုင်ငံအဝှမ်း ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့အထိ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ပေါင်း ၉၈၆ ကြိမ်၊ ဗုံးခွဲတိုက်ခိုက်မှု ၂၃၄၄ ကြိမ်၊ မီးရှို့ဖျက်ဆီးမှု ၃၁၂ ကြိမ်၊ စုစုပေါင်း ၃၆၄၂ ကြိမ်ပြုလုပ်ခဲ့သည်။ ၎င်းတို့၏ အကြမ်းဖက်မှုလုပ်ရပ်များကြောင့် သာမန်အရပ်သားပြည်သူလူထု ၁၁၅၅ ဦး သေဆုံးပြီး ၇၆၅ ဦး ဒဏ်ရာရရှိခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင် တပ်မတော်သား ၇၅ ဦး၊ ရဲတပ်ဖွဲ့ဝင် ၉၃ ဦးနှင့် အစိုးရဝန်ထမ်း ၁၄ ဦး၊ စုစုပေါင်း ၁၈၂ ဦးသေဆုံးကာ ၆၀၂ ဦး ဒဏ်ရာရရှိခဲ့သည်။ စာသင်ကျောင်းနှင့် ပညာရေး အဆောက်အဦ ၂၅၁ လုံး မီးရှို့/ ဗုံးခွဲ ခံခဲ့ရသည်။ ပြည်သူလူထုအသုံးပြုနေသည့် ဆက်သွယ်ရေးလမ်းကြောင်းများဖြစ်သည့် ကားလမ်း၊ ရထားလမ်းများအား ဖျက်ဆီးခဲ့မှု ၅၃၆ ကြိမ်ရှိခဲ့ပြီး တံတား



**"နိုင်ငံတကာအစိုးရများအနေဖြင့်လည်း လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပတ်သက်၍ တွေ့ဆုံညှိနှိုင်းရေး ဆောင်ရွက်ကြရာတွင် အစဉ်အလာနှင့် သမိုင်းကြောင်းအရ သိရှိခဲ့သော လက်နက်ကိုင်အဖွဲ့အစည်းများနှင့်သာ တွေ့ဆုံညှိနှိုင်းခဲ့ကြပြီး ရုတ်ခြည်းဖြစ်ပေါ်လာသည့် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များကိုမူ နိုင်ငံတော်နှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့်လုံခြုံရေးအရ အရေးယူတုံ့ပြန်ရမှုများ ပြုလုပ်ကြရသည်ကို သတိပြုမိစေလို"**

၇၆ စင်းအား ဖျက်ဆီးခဲ့သည်။ အုပ်ချုပ်မှု အဆောက်အဦ၊ ဘာသာရေး အဆောက်အဦ၊ စက်ရုံ၊ အလုပ်ရုံ၊ ဈေးနှင့် မြို့ပြအဆောက်အဦများအားလည်း တိုက်ခိုက်ဖျက်ဆီးမှုများ ပြုလုပ်ခဲ့သည်။ ကမ္ဘာ့အကြမ်းဖက်မှုဖြစ်စဉ်များတွင် တွေ့ရခဲသည့် ကလေးငယ်များ ပညာသင်ကြားရာ စာသင်ကျောင်းများနှင့် ပညာရေးအဆောက်အဦပေါင်း ၂၅၁ လုံးကို မီးရှို့၊ ဗုံးခွဲခဲ့မှုဖြစ်စဉ်တစ်ခုတည်းကို ကြည့်လျှင်ပင် ၎င်း NUG၊ CRPH နှင့် PDF အဖွဲ့များ၏ ယုတ်မာသော အကြမ်းဖက်လုပ်ရပ်များကို ထင်ရှားစွာတွေ့ရှိနိုင်ပါသည်။ ၎င်းကဲ့သို့ အကြမ်းဖက်အဖွဲ့များကို အားပေး၊ ကူညီ၊ ပံ့ပိုးပေးနေသော အချို့နိုင်ငံများနှင့် အဖွဲ့အစည်းများ၏ ကျင့်ဝတ်အပေါ် မေးခွန်းထုတ်စရာလည်း ဖြစ်ပါသည်။

### လူသားချင်း စာနာထောက်ထားမှုကို အလေးထား

၆။ နိုင်ငံတော်အနေဖြင့် ၎င်းဆူပူဆန္ဒပြမှုများ၊ အကြမ်းဖက်ဖြစ်စဉ်များ၌ လှုံ့ဆော်ခဲ့မှု၊ ပါဝင်ခဲ့မှုများကြောင့် ပြစ်ဒဏ်ကျခံနေရသူများ၊ တရားစွဲဆိုခံနေရသူများ၊ အရေးယူခံနေရသူများအား လူသားချင်း စာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရန်နှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်စေရန်အတွက်လည်းကောင်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများ ပိတ်သိမ်းခြင်း၊ အရေးယူမှုများ ပိတ်သိမ်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ မြန်မာ့ရိုးရာအစဉ်အလာအရ အလေးအမြတ်ထားကြသည့် မြန်မာနှစ်ဆန်းကာလ၊ သီတင်းကျွတ်လပြည့်နေ့ကာလနှင့် ပြည်ထောင်စုနေ့တို့၌ ၎င်းကိစ္စများကိုဆောင်ရွက်ခဲ့ရာ ယနေ့အထိ အမျိုးသား ၄၅၆၆၈ ဦးနှင့် အမျိုးသမီး ၆၀၃၆ ဦး၊ စုစုပေါင်း ၅၁၇၀၄ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်၊ အမှုများ ပိတ်သိမ်းခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက်ရည်ရွယ်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ(EAO)မှ ထိန်းသိမ်းခံထားရသူများအား ပြစ်ဒဏ်မှလွတ်ပေးခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ထုတ်ပြန်ကာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကုန်အထိ ၅ လတာ တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။

၇။ နိုင်ငံတော်အစိုးရအနေဖြင့် သွေးထွက်သံယိုမှုအနည်းဆုံးဖြင့် အာဃာတ တရားများ ပိုမိုများပြားမလာစေရေးအတွက် အတတ်နိုင်ဆုံးထိန်းသိမ်းဆောင်ရွက်ခြင်း၊ ဘက်ပေါင်းစုံမှ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားသုံးသပ်၍ ဆောင်ရွက်လိုသည်များနှင့် ဆောင်ရွက်သင့်သည်များ ချင့်ချိန်ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ခဲ့သော်လည်း NUG အမည်ခံ အကြမ်းဖက်အဖွဲ့က ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် နိုင်ငံအဝှမ်း၌ အကြမ်းဖက်မှုများ ပိုမိုများပြားလာစေရေး၊ လက်နက်ကိုင်တိုက်ခိုက်မှုများ အရှိန်မြင့်တက်လာစေရေး ကြေညာချက်ထုတ်၍ လှုံ့ဆော်ခြင်း၊ ပြည်သူလူထုအား အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လာစေရေး သွေးထိုးမှုများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လာခဲ့ကြောင်း တွေ့ရသည်။

### ညှိနှိုင်းဆွေးနွေးရေးလမ်းစဉ်အား ဆောင်ရွက်သွားမည်

၈။ မြန်မာနိုင်ငံ၌ ယခင်ကတည်းကဖြစ်ပွားလျက်ရှိသည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများနှင့် စပ်လျဉ်း၍လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ(EAO)များနှင့် စေ့စပ်ညှိနှိုင်းဆွေးနွေးဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးပြီးဖြစ်သည့် EAO အဖွဲ့ ၁၀ ဖွဲ့နှင့် လက်မှတ် မရေးထိုးရသေးသည့်အဖွဲ့များလည်း ရှိနေဆဲဖြစ်ပါသည်။ ဆက်လက်၍ ညှိနှိုင်းဆွေးနွေးရေးလမ်းစဉ်အား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ၎င်းတို့အနက် NCA စာချုပ် နောက်ပိုင်းမှ ပေါ်ပေါက်လာသည့် AA အဖွဲ့၊ TNLA အဖွဲ့နှင့် MNDAA အဖွဲ့တို့နှင့်မူ သီးခြားအစီအမံများဖြင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ **အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် အစိုးရ**အနေဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် NCA လက်မှတ်ရေးထိုးခြင်း (၆)နှစ်ပြည့်နှစ်ပတ်လည်နေ့ ၁၅-၁၀-၂၀၂၁ ရက်နေ့၌ EAO အဖွဲ့ အစည်းဝင်များနှင့် စပ်လျဉ်း၍ ကြားနာစစ်ဆေးဆဲပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်းခြင်း အမိန့်ကိုကြေညာ၍ EAO အဖွဲ့ ၇ ဖွဲ့မှာ အဖွဲ့ဝင် ၁၁၄ ဦးအား အမှုမှ ပိတ်သိမ်း လွတ်မြောက်စေခဲ့သည်။ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်း EAO များနှင့် တွေ့ဆုံဆွေးနွေးမှု ၁၅ ကြိမ်၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံ ဆွေးနွေးမှု ၆ ကြိမ် ပြုလုပ်ခဲ့ပြီး ဆက်လက်၍လည်းပြုလုပ်သွားမည်ဖြစ်ပါသည်။ အလားတူ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကလည်း နိုင်ငံရေးပါတီများနှင့်တွေ့ဆုံမှု ၂ ကြိမ်ပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။ ရွေးကောက်ပွဲမသမာမှုအပေါ် ဥပဒေအရ ရင်ဆိုင်ဖြေရှင်းခြင်း နည်းလမ်းကိုပစ်ပယ်၍ လက်နက်ကိုင်အကြမ်းဖက်မှုလမ်းစဉ်ကို ရွေးချယ်ကျင့်သုံးနေသည့် NUG၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်လက်နက်ကိုင်အုပ်စုနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းရေးကိုမူ လက်ခံနိုင်မည်မဟုတ်ပါ။ နိုင်ငံတကာအစိုးရများ အနေဖြင့်လည်း လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပတ်သက်၍ တွေ့ဆုံညှိနှိုင်းရေး ဆောင်ရွက်ကြရာတွင် အစဉ်အလာနှင့်သမိုင်းကြောင်းအရ သိရှိခဲ့သော လက်နက်ကိုင် အဖွဲ့အစည်းများနှင့်သာ တွေ့ဆုံညှိနှိုင်းခဲ့ကြပြီး ရုတ်ခြည်းဖြစ်ပေါ်လာသည့် အကြမ်းဖက် လက်နက်ကိုင်အဖွဲ့များကိုမူ နိုင်ငံတော်နှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ တည်ငြိမ်အေးချမ်းရေး အတွက် လိုအပ်သည့်လုံခြုံရေးအရ အရေးယူတုံ့ပြန်ရမှုများ ပြုလုပ်ကြရသည်ကို သတိပြုမိစေလိုပါသည်။

### ကျင့်ဝတ်မဲ့ပြုကျင့်မှုအတိုင်းပြုလုပ်စေရန်နည်းမျိုးစုံဖြင့် လှုံ့ဆော်ခဲ့

၉။ တပ်မတော်မှ နိုင်ငံတော်၏တာဝန်အား ရယူလိုက်ရချိန်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု ဒုတိယလှိုင်းရှိနေသည့်အချိန်ဖြစ်ပါသည်။ အာဆီယံနိုင်ငံ့ ခေါင်းဆောင်များ အစည်းအဝေးအား အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် မြန်မာနိုင်ငံ၌ ရောဂါကူးစက်ခံရပြီးသူဦးရေ စုစုပေါင်း ၁၄၂,၇၁၂ ဦးရှိခဲ့ပါသည်။ ၎င်းကာလ၌ နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုထိန်းချုပ်နိုင်ရေးအတွက် *စာမျက်နှာ ၉ သို့*



ရေစကြိုမြို့နယ် ဓိုးတောကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းဆောင် မီးလောင်ပျက်စီးမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၈ မှ*

လူစုလူဝေးများ ပြုလုပ်ခြင်း၊ ဆူပူဆန္ဒပြမှုများ ပြုလုပ်ခြင်းတို့ကို တားမြစ်ခဲ့သော်လည်း သွေးထိုးလှုံ့ဆော်သူများက အကြမ်းဖက်အသွင်၊ မင်းမဲ့စရိုက်အသွင် လူစုလူဝေးဖြင့် ဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ တာဝန်မဲ့၊ ကျင့်ဝတ်မဲ့ ကျန်းမာရေးဝန်ထမ်းများက CDM အမည်ခံ တာဝန်ပျက်ကွက်မှု၊ အလုပ်ခွင်မှ ပျက်ကွက်မှုများပြုလုပ်ခဲ့သည်။ အခြားသူများကိုလည်း ၎င်းတို့၏ တာဝန်မဲ့၊ ကျင့်ဝတ်မဲ့ပြုကျင့်မှု အတိုင်းပြုလုပ်စေရန် နည်းမျိုးစုံဖြင့် လှုံ့ဆော်ခဲ့သည်။ ၎င်းကဲ့သို့ ကိစ္စများကြောင့် ၂၀၂၁ ခုနှစ်၊ ဇွန်လ တတိယပတ်မှစတင်၍ နိုင်ငံ အတွင်း၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ၁၀ ရာခိုင်နှုန်းကျော်ထိ မြင့်တက်လာခဲ့သည်။ ရောဂါကူးစက်ခံရမှု ဆက်တိုက်မြင့်တက် လာခဲ့ပြီး ဇူလိုင်လဆန်းတွင် ရောဂါပိုးတွေ့ရှိသူ ၂၀ ရာခိုင်နှုန်းကျော်၊ ဇူလိုင်လ ဒုတိယပတ်တွင် ၃၀ ရာခိုင်နှုန်းကျော်၊ တတိယပတ်တွင် ၄၀ ရာခိုင်နှုန်းခန့်အထိ ဖြစ်ပွားခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့၌ ရောဂါ ကူးစက်ခံရသူ ၅၅၀၆ ဦး(၄၀.၈၂ %)၊ သေဆုံးသူ ၃၂၆ ဦး(၅.၉၂ %) ရှိခဲ့သည်။ ဇူလိုင်လ ၂၆ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၉၆ ဦး(၈.၅၅ %) ရှိခဲ့သည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် အခြေခံပညာကျောင်းများအား ပြန်လည်၍ ပိတ်ခြင်း၊ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့မှ စက်တင်ဘာ လ ၁၀ ရက်နေ့အထိ ၂ လကျော်ကြာ ရုံးပိတ်ရက်ရှည်များ ဆက်တိုက်ကြေညာခြင်း၊ မြို့နယ်ပေါင်း ၁၁၃ မြို့နယ်အား လက်ရှိ အခြေအနေအထိ Stay At Home ကြေညာခြင်းတို့ကို ဆောင်ရွက်ခဲ့ရသည်။

## လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိ

၁၀။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် အစိုးရအနေဖြင့် **"လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိ"** ဆိုသည့် မူဝါဒချမှတ်ကာ ကိုဗစ်-၁၉ ရောဂါတတိယလှိုင်း ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကို ခက်ခက်ခဲခဲ အချိန်နှင့်အမျှ ရှိသမျှ စွမ်းအားဖြင့်ဆောင်ရွက်ခဲ့ရသည်။ ယခင်ကတည်းက ကြိုတင် ပြင်ဆင်မှုအားနည်းချက်ကြောင့် ဖြစ်ပေါ်လာသည့် အောက်ဆီဂျင်လိုအပ်ချက်နှင့် အရေးပေါ်ကုသရေးလိုအပ်ချက်များ၊ တာဝန်မဲ့၊ ကျင့်ဝတ်မဲ့ ကျန်းမာရေးဝန်ထမ်းအချို့၏ ပျက်ကွက်မှုကြောင့်ဖြစ်လာသည့် လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်၊ ကုသရန်နေရာများ လိုအပ်ချက်တို့အား နည်းလမ်းမျိုးစုံဖြင့် ဖြေရှင်းပေးခဲ့ရသည်။ ကုသရေးအတွက် အရေးပေါ်လိုအပ်နေသည့် အောက်ဆီဂျင်ဓာတ်ငွေ့ရည်များကို အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အရေးပေါ် တင်သွင်းခဲ့ရသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းစဉ်တွင် အဓိကအရေးပါသည့် ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းအတွက် ကိုဗစ်ကာကွယ်ဆေးရရှိရေးအား ဆောင်ရွက်ခဲ့ရသည်။ ယခင်အစိုးရလက်ထက်က ကာကွယ်ဆေးရရှိရေးအတွက် အိန္ဒိယနိုင်ငံမှ ကာကွယ်ဆေးဝယ်ယူမှုဆောင်ရွက်ခဲ့သော်လည်း အိန္ဒိယနိုင်ငံတွင်း ရောဂါဖြစ်ပွားမှု အခြေအနေများကြောင့် ကာကွယ်ဆေး ၂ သန်းသာ ရောက်ရှိပြီး ရပ်တန့်နေခဲ့သဖြင့် ကာကွယ်ဆေးရရှိရေးအား အစမှပြန်လည်ဆောင်ရွက်ခဲ့ရာ အိမ်နီးချင်းမိတ်ဆွေနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံ၏ကူညီမှုကြောင့် ယနေ့အထိ ကာကွယ်ဆေးရောက်ရှိမှု ၂၆ သန်းကျော်ရရှိပြီးဖြစ်သည်။ မြန်မာနိုင်ငံ၌ ၎င်းကဲ့သို့ ကိုဗစ်ကာကွယ်ဆေးရရှိရန် ခက်ခဲနေသောအချိန်၌ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့ကုလသမဂ္ဂနှင့် ဆက်စပ်အဖွဲ့အစည်းများ၊ အာဆီယံအဖွဲ့အစည်းအနေဖြင့် ကိုဗစ်ကာကွယ်ဆေးများ ထောက်ပံ့ပေးမှုအစီအစဉ်များ ပြုလုပ်ပေးမှုမရှိ၊ ပျက်ကွက်ခဲ့ကြောင်းတွေ့ရသည်။ မိတ်ဆွေနိုင်ငံ ၃ နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံမှ ကိုဗစ်ကာကွယ်ဆေး



၄.၆ သန်း၊ အိန္ဒိယနိုင်ငံမှ ကာကွယ်ဆေး ၂.၅ သန်းနှင့် ရုရှားနိုင်ငံတို့မှသာ ကူညီလှူဒါန်းပေးခဲ့သည်ကို တွေ့ရှိရပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ဆက်လက်၍ ကိုဗစ်ကာကွယ်ဆေးထိုးနှံရန် အကျုံးဝင်သူ လူဦးရေ၏ ၅၀ ရာခိုင်နှုန်းအား ယခုနှစ်ကုန်အပြီး ထိုးနှံနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ကိုဗစ်ကာကွယ်ဆေးထိုးနှံပေးမှုလုပ်ငန်းများအား NUG၊ CRPH၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များက အကြမ်းဖက်တိုက်ခိုက်မှု နည်းလမ်း၊ သွေးထိုးလှုံ့ဆော်မှုနည်းလမ်းများသုံး၍ အကြမ်းဖက်ဇီဝ နှောင့်ယှက်တိုက်ခိုက်မှု (Bio Terrorism) ပုံစံဖြင့် အနှောင့်အယှက်ပေး ဆောင်ရွက်လျက်ရှိသော်လည်း ပြည်သူ၊ နိုင်ငံတော်အစိုးရ၊ တာဝန်သိ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုအဖွဲ့အစည်းများနှင့် တပ်မတော်တို့ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တစ်ရက်လျှင် ပျမ်းမျှလူဦးရေ၂၅၀,၀၀၀ ဦးကို ဆေးထိုးနှံပေးလျက်ရှိပြီး ၂၁-၁၀-၂၀၂၁ ရက်နေ့အထိ ကာကွယ်ဆေး နှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၅,၁၅၇,၀၄၈ ဦးနှင့် ပထမအကြိမ် ထိုးနှံပြီးစီးသူ ၆,၉၆၁,၅၉၉ ဦး ရှိပြီး ရောဂါကာကွယ် ဆေးအကြိမ်ရေ စုစုပေါင်း ၁၇,၂၇၅,၆၉၅ ကြိမ် ထိုးနှံ နိုင်ခဲ့ပါသည်။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှုန်းမှာ အောက်တိုဘာလ ၂၂ ရက်နေ့စာရင်းအရ ၇.၁၉ ရာခိုင်နှုန်းရှိနေဆဲဖြစ်ပြီး ဆူပူဆန္ဒပြမှုများ နည်းပါးလျက်ရှိသော်လည်း အကြမ်းဖက်သတ်ဖြတ်မှုများ၊ ဗုံးခွဲမှုများ၊ မိုင်းထောင်မိုင်းခွဲမှုများရှိနေဆဲဖြစ်ကာ စိန်ခေါ်မှု တစ်ရပ်အသွင်ရှိနေဆဲဖြစ်သည်။

## အချက် ၃ ချက်ကို အလေးထား ပြောကြားခဲ့

၁၁။ ၎င်းကဲ့သို့အခြေအနေများသည် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် အစိုးရ၏လုပ်ဆောင်ချက်ကို ထင်ဟပ်ပေါ်လွင်စေသည့် အခြေအနေများဖြစ်ပါသည်။ ၎င်းကဲ့သို့အခြေအနေများထဲ၌ အစိုးရအနေဖြင့် နိုင်ငံတော်သာယာဝပြောရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် စစ်မှန်စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရှင်သန်ရေးတို့ကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေး၌လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် နိုင်ငံတော်၏ ၎င်းအချိန်က လက်ရှိအခြေအနေ၊ ရှေ့ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းများ၊ ရပ်တည်ချက်၊ သဘောထားများကို ရှင်းနီးပွင့်လင်းစွာ ဆွေးနွေးခဲ့ပြီး ဖြစ်ပါသည်။ ၎င်းအစည်းအဝေး၌ပင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် အစည်းအဝေးသို့ တက်ရောက်လာခဲ့သည့် နိုင်ငံ့ခေါင်းဆောင်များနှင့် ကိုယ်စားပြုသူများအား ပြန်လည်ဆွေးနွေးရာတွင် အချက် ၃ ချက်ကို အလေးထား ပြောကြားခဲ့ပါသည်။ ၎င်းအချက်များ၌ **"မိမိတို့နိုင်ငံအပေါ် ပေးအပ်**



**ခဲ့သည့် အကြံပြုချက်များကို ပြည်တွင်း၌ လတ်တလောဖြစ်ပျက်နေသည့် အခြေအနေများနှင့်ဆက်စပ်၍ အလေးပေး ထည့်သွင်းစဉ်းစားသွားမည်"** ဟု လည်းကောင်း၊ **"မိမိတို့အနေဖြင့် ပြည်တွင်းတည်ငြိမ်မှုအပေါ်မူတည်ပြီး အာဆီယံ၏ အဆိုပြုချက်များ၊ ခရီးစဉ်များကို စဉ်းစားသွားပါမည်"**ဟုလည်းကောင်း၊ **" အာဆီယံ၏ အပြုသဘောပါဝင်ကူညီပံ့ပိုးပေးလိုမှုနှင့် စပ်လျဉ်း၍လည်း အာဆီယံပဋိညာဉ်၊ အာဆီယံလမ်းစဉ်၊ အာဆီယံစိတ်ဓာတ်အပေါ် အခြေခံမည်ဆိုပါက နိုင်ငံကောင်းကျိုး အတွက်စဉ်းစားပေးမည်"** ဖြစ်ကြောင်း ပြောကြားဆွေးနွေးခဲ့မှုအား ထပ်လောင်းသတိရစေလိုပါသည်။ အာဆီယံအထူးကိုယ်စားလှယ်ခန့်အပ်ရေးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံအနေဖြင့် အလေးထားဆောင်ရွက်ခဲ့သော်လည်း အမျိုးမျိုးသောညှိနှိုင်းမှုများ၊ အပြောင်းအလဲများ ကြုံတွေ့ခဲ့ရပါသည်။ အာဆီယံအထူးကိုယ်စားလှယ် လာရောက်ရေး၌ အထက်ပါကြုံတွေ့နေဆဲ အခြေအနေများသည်လည်း ကန့်သတ်မှုများ ရှိခဲ့သည့်အပြင် တောင်းဆိုချက်ဆိုင်ရာ ကန့်သတ်ချက်များ၊ အာဆီယံပြင်ပနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှုများကိုလည်း ကြုံတွေ့ခဲ့ရသည်။

## တုံ့ပြန်သဘောထားသတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ပြီးဖြစ်

၁၂။ ၎င်းကိစ္စများနှင့်ပတ်သက်၍လည်း အာဆီယံအလှည့်ကျဥက္ကဋ္ဌ၊ ဘရူနိုင်းနိုင်ငံ၏ အောက်တိုဘာလ ၁၆ ရက်နေ့ ထုတ်ပြန်ချက်အပေါ် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနက တုံ့ပြန်သဘောထားသတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ပြီး ဖြစ်ပါသည်။ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ ကြေညာချက်သည် အာဆီယံ၏ ပဋိညာဉ် အပိုဒ် ၂၀(၁)ဖြစ်သည့် **"ဆုံးဖြတ်ချက်များချမှတ်ရာတွင် ဆွေးနွေးတိုင်ပင်ခြင်းနှင့် တူညီဆန္ဒကိုအခြေခံရမည်"** ဆိုသည့်အချက်၊ အပိုဒ်၈(၂)(က)ပါ **" အာဆီယံ ပေါင်းစပ်ညှိနှိုင်းရေးကောင်စီသည် ဖိတ်ကြားရေးကိစ္စအပါအဝင် အာဆီယံထိပ်သီး အစည်းအဝေးကိစ္စများကို ပြင်ဆင်လုပ်ဆောင်ရမည်"** ဆိုသည့်အချက်၊ အပိုဒ်(၂) (က)၊ (င)နှင့် (စ)ပါ **"အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာ အာဏာပိုင်ဆိုင်မှုကို လေးစားရန်၊ ပြည်တွင်းရေးမစွက်ဖက်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားရေးတည်ရှိမှုကို ပြင်ပမှမစွက်ဖက်ရေး"** စသည့်မူများနှင့် ဆန့်ကျင်နေကြောင်း တွေ့ရှိရပါသည်။

၁၃။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ နိုင်ငံတော်အစိုးရအနေဖြင့်-

(က) နိုင်ငံတော်တာဝန်အား စတင်တာဝန်ယူသည့်ကာလမှစ၍ ချမှတ်ထားပြီး အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေး၌လည်း ရှင်းလင်းတင်ပြခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်အတိုင်း ခိုင်မာတိကျစွာဆောင်ရွက်သွားမည်ဖြစ်သည်။

(ခ) အာဆီယံ၏ သဘောတူညီချက် ၅ ရပ်အတိုင်း လုပ်ငန်းစဉ်များအား အတတ်နိုင်ဆုံးပူးပေါင်းဆောင်ရွက်သွားမည်။

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ **"နိုင်ငံတော်သည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးသည်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေ့ရှုသည်၊ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကို စောင့်ထိန်းသည်"** ဆိုသည့် နိုင်ငံခြားရေးမူဝါဒအတိုင်း ဆက်လက်လိုက်နာ ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မြန်မာ့ဂီတကို ကမ္ဘာ့အဆင့်သို့ မြှင့်တင်နိုင်ရန် မြန်မာသံစုံတီးဝိုင်းကြီးအဖြစ် ဖွဲ့စည်းဖျော်ဖြေတင်ဆက်နိုင်ရေး ရည်မှန်းဆောင်ရွက်ခဲ့ခြင်းဖြစ်



မန္တလေး အောက်တိုဘာ ၂၃

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ညပိုင်းတွင် မန္တလေးမြို့ Pullman ဟိုတယ်၌ မြို့မတူရိယာအသင်းကြီးမှ အနုပညာရှင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး အသင်းကြီး၏ ဖျော်ဖြေတင်ဆက်မှုအား ကြည့်ရှုအားပေးသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြို့မတူရိယာအသင်းကြီးမှ အနုပညာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ **(ယာပုံ)**

**ရည်မှန်းဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြို့မတူရိယာအသင်းကြီးကို ၁၉၂၅ ခုနှစ်တွင် စတင်တည်ထောင်ဖွဲ့စည်းခဲ့ရာ ယခုအခါ (၉၆)နှစ် ရှိပြီဖြစ်ပြီး မကြာမီနှစ် (၁၀၀) ပြည့်မြောက်မည်ဖြစ်ပါကြောင်း၊ အသင်းကြီးအနေဖြင့် မြန်မာတူရိယာများနှင့် အနောက်တိုင်း တူရိယာပစ္စည်းများကို ပေါင်းစပ်ပြီး တီထွင်ဆန်းသစ်ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာ့ဂီတကို ကမ္ဘာ့အဆင့်သို့မြှင့်တင်နိုင်ရန် မြန်မာသံစုံတီးဝိုင်းကြီးအဖြစ် ဖွဲ့စည်းဖျော်ဖြေတင်ဆက်နိုင်ရေး ရည်မှန်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် အနေဖြင့် ဂီတ၊ အနုပညာရှင်များ အပါအဝင် စာပေ၊ ရုပ်ရှင်၊ သဘင်စသည့် အနုပညာရှင်အားလုံးကို ပညာရှင်များအဖြစ် အလေးထားသကဲ့သို့ အနုပညာရှင်များ၏ အခက်အခဲများကိုလည်း ကူညီဆောင်ရွက်ပေးရန် မကြာခဏမှာကြားလေ့ရှိပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့်လည်း အနုပညာရှင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး လုပ်ငန်းဆောင်ရွက်မှုများကို အားပေးမှုပြုလုပ်နေသကဲ့သို့ အခက်အခဲများကိုလည်း ပူးပေါင်းဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယနေ့အချိန်အခါတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှုနှင့် နိုင်ငံရေးဖြစ်စဉ်များကြောင့် ပြည်သူများအနေဖြင့် မွန်းကျပ်လျက်ရှိရာ အနုပညာရှင်များအနေဖြင့် ပြည်သူများ ပြုံးပျော်ရွှင်စေရန် အနုပညာစွမ်းအားဖြင့် ပြန်လည်ဖျော်ဖြေတင်ဆက်ပေးရန် အချိန်အခါသင့်ပြီဖြစ်ပါကြောင်း၊ အနုပညာရှင်များအနေဖြင့် ဖြူစင်သန့်ရှင်းစွာဖြင့် ပြည်သူကို အလုပ်အကျွေးပြုရန် မေတ္တာရပ်ခံလိုပါကြောင်း။

**ဆုမွန်ကောင်းတောင်း**

မန္တလေးမြို့မတူရိယာအသင်းကြီးအနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်မှ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည့် တူရိယာပစ္စည်းများ အပါအဝင် တူရိယာပစ္စည်းများ စုံလင်စွာဖြင့် ယနေ့ညတွင် ဖျော်ဖြေတင်ဆက်မှုအပေါ် ကြည့်ရှုအားပေးခွင့် ရသည့်အတွက် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း၊ သီတင်းကျွတ် အခါသမယတွင် မန္တလေးမြို့နေ ပြည်သူများ ကျန်းမာချမ်းသာကြပါစေကြောင်းနှင့် မြို့မတူရိယာအသင်းကြီး အနေဖြင့်လည်း ပိုမိုတိုးတက်အောင်မြင်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုက နှုတ်ခွန်းဆက် အမှာစကား ပြောကြားရာတွင် မန္တလေးမြို့မတူရိယာအသင်းကြီးသည် မကြာမီနှစ် (၁၀၀) ပြည့် မြောက်တော့မည်ဖြစ်ပါကြောင်း၊ မြို့မတူရိယာအသင်းကြီးအနေဖြင့် မန္တလေးမြို့၏အနှစ်သာရများကို တေးသီချင်း၊ အကတို့ဖြင့် ရှေးမူမပျက် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပါကြောင်း၊ မြို့မအသင်းကြီး၏ ဖျော်ဖြေတင်ဆက်မှုအား ကြည့်ရှုအားပေးခြင်းအတွက် အထူးကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးမြို့မတူရိယာအသင်းကြီးမှ အနုပညာရှင်များက တေးသီချင်းများ သီဆိုမှုနှင့်အတူ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

မြို့မတူရိယာအသင်းကြီးကို ၁၉၂၅ ခုနှစ်တွင် ဗုဒ္ဓဝေယျာဝစ္စမြို့မအပျော်တမ်း တူရိယာအသင်းအဖြစ် ဂီတဝါသနာပါသည့် လူငယ်များနှင့် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး အသင်းကြီးသည် မြန်မာသီချင်းကြီးများ ဆည်းပူးပြန့်ပွားရေး၊ ကမ္ဘာသုံးတူရိယာများ လေ့လာသင်ကြားတတ်မြောက်ရေး၊ MUSIC NOTE ဂီတသင်္ကေတ အမှတ်အသား ပညာများနှင့် ရေးသားထားသည့် တူရိယာပညာများကိုဆည်းပူးလေ့လာရေးတို့ကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ရာ ယခုအခါ (၉၆) နှစ်ရှိလာပြီဖြစ်သကဲ့သို့ ၂၀၂၅ ခုနှစ်တွင် နှစ်တစ်ရာ ပြည့်မြောက်တော့မည်ဖြစ်ကြောင်း၊ အသင်းကြီးအနေဖြင့် မြန်မာတူရိယာများနှင့် အနောက်တိုင်း တူရိယာပစ္စည်းများကို ပေါင်းစပ်ပြီး တီထွင်ဆန်းသစ် ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာ့ဂီတကို ကမ္ဘာ့အဆင့်သို့ မြှင့်တင်နိုင်ရန် မြန်မာသံစုံတီးဝိုင်းကြီးအဖြစ် ဖွဲ့စည်းပြီး ဖျော်ဖြေတင်ဆက်နိုင်ရန် ရည်မှန်းချက်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ဘားအံ အောက်တိုဘာ ၂၃**

ကရင်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီခန့်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ကရင်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးကော်မတီ နာယက ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အသက် ၁၈ နှစ် မပြည့်သေးသည့် ကလေးသူငယ်များ မိမိဘဝရပ်တည်ရှင်သန်နိုင်ရေးနှင့် မိသားစုစားဝတ်နေရေးအတွက် လုပ်ငန်းခွင်တချို့တွင် အရွယ်မတိုင်မီ ဝင်ရောက်လုပ်ကိုင်နေကြရသည်များ ရှိကြောင်း၊ ထိုသို့ဝင်ရောက်လုပ်ကိုင်နေကြသည်ကို ပထမဦးဆုံး စာရင်းကောက်ယူရမည်ဖြစ်ပြီး ထိုလုပ်ငန်းသည် အလွန်ရေးကြီးကြောင်း၊ ကလေးအလုပ်သမားများ လုပ်ကိုင်သည့်နေရာ ဌာန လုပ်ငန်းအမျိုးအစားများ၊ နောက်ခံ သမိုင်းကြောင်း၊ အသက်အပိုင်းအခြားများကို တိတိကျကျ စာရင်းကောက်ယူရန် လိုအပ်မည်ဖြစ်ကြောင်း၊ တိကျသည့် စာရင်းအချက်အလက်များရရှိပြီးမှသာ ကျန်ရှိသည့်ကော်မတီများမှ လုပ်ငန်းစီမံချက်များကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် စာရင်းကောက်ယူရာတွင် မြန်ဆန်မှန်ကန်တိကျရန်လိုကြောင်းနှင့် လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ရမည့်အစီအမံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာများ ဆွေးနွေးတင်ပြကြပြီး စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီ၊ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းကော်မတီ၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းကော်မတီ၊ ဥပဒေရေးရာလုပ်ငန်းကော်မတီ၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ၊ စောင့်ကြည့်အကဲဖြတ်စိစစ်ရေးလုပ်ငန်းကော်မတီနှင့် ရန်ပုံငွေရှာဖွေရေးနှင့် ဘဏ္ဍာရေးလုပ်ငန်းကော်မတီများက သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ရမည့် အစီအမံများအား ဆွေးနွေးတင်ပြကြကာ ပြည်နယ်ကလေးအလုပ်သမားပပျောက်ရေး ကော်မတီ နာယက ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယင်းနောက် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ဘားအံခရိုင် နယ်စပ်ဒေသရှိ ဖွံ့ဖြိုးရေးအခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအတွက် ဆန်၊ ဆီနှင့် ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့သည့်အခမ်းအနားကို မွန်းလွဲ ၄ နာရီတွင် ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်ပြီး ဘားအံခရိုင် နယ်စပ်ဒေသရှိ ဖွံ့ဖြိုးရေးအခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအတွက် ဆန်အိတ် ၁၀၀ နှင့် ဆီ ၁၀ ပုံးကို လည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်က ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၀၀ ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ရာ ကရင်အမျိုးသားအစည်းအရုံး(KNU) တပ်မဟာ(၇) ဘားအံခရိုင် လယ်ယာစိုက်ပျိုးရေးဌာန တာဝန်ခံ စောဘီတာသိန်းဒိုနှင့် ဘားအံခရိုင် တွဲဖက်အတွင်းရေးမှူး စောဂေထူးတို့က လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ ကရင်အမျိုးသားအစည်းအရုံး (KNU) ဘားအံခရိုင် တွဲဖက်အတွင်းရေးမှူး စောဂေထူးက ဘားအံခရိုင် နယ်စပ်ဒေသရှိ ဖွံ့ဖြိုးရေးအခြေခံပညာကျောင်းများမှကျောင်းသား ကျောင်းသူများအတွက် ဆန်၊ ဆီ၊ ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးသည့်အပေါ် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်အနေဖြင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ဘားအံခရိုင်မှ ယခုအခြေအနေထက် ပိုမိုတိုးတက်ကောင်းမွန်အောင် ထပ်မံကြိုးစား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး ယနေ့ထောက်ပံ့ပေးအပ်သည့် အခမ်းအနားတွင် စုစုပေါင်းငွေကျပ် လေးဆယ်ခြောက်သိန်းကိုးသောင်းတန်ဖိုးရှိဆန်၊ ဆီနှင့် ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း**

**(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် မုံရွာမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မုံရွာ အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက မုံရွာမြို့ ရေကြောင်းရဲတပ်ဖွဲ့ခွဲ (မုံရွာ)ရုံး အစည်းအဝေးခန်းမသို့ ရောက်ရှိရာ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှတိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စိုးက ၂၀၂၁ ခုနှစ် အောက်တိုဘာမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် ရေလမ်းကောင်းမွန်ရေး လုပ်ငန်းများနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြသည်။



**ညှိနှိုင်းဆောင်ရွက်**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ရေလမ်းကောင်းမွန်ရေး လုပ်ငန်းများ၊ ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများဖြင့် ပြည့်မီကောင်းမွန်ရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး အချိန်မီပြီးစီးရေးတို့နှင့် ပတ်သက်၍ မှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရေကြောင်းရဲတပ်ဖွဲ့ခွဲ(မုံရွာ)ရုံးအနီး၌ ဆောင်ရွက်လျက်ရှိသည့် ချင်းတွင်းမြစ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ရေထိန်းတာပေါင် တည်ဆောက်နေမှုနှင့် တည်ဆောက်ရေးပစ္စည်းများ အရည်အသွေးပြည့်မီရေးတို့အား ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် မုံရွာမြို့ ကျောက်စစ်ပုံ ကျေးရွာအနီးရှိ အလျားပေ ၅၀၊ အနံ ပေ ၃၀ ဥစားကြက်မွေးမြူရေးဇုန် ရှင်းလင်းဆောင်ပြုပြင်နေမှုအား ကြည့်ရှုစစ်ဆေးပြီး ဥစားကြက်မွေးမြူရေးဇုန် အဝင်လမ်း အရှည်ပေ ၁၀၀၀ အား အကျယ် ၁၆ ပေ၊ ကိုးလက်မထု ကွန်ကရစ်လမ်း ခင်းနေမှုအား တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်း တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားကာ ကွန်ကရစ်လမ်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးလုပ်ငန်းရှင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးကာ ဥစားကြက်များ မွေးမြူထားရှိမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ဥစားကြက်မွေးမြူရေးဇုန်တွင် လုပ်ငန်းရှင် ၇၅ ဦးမှ ဥစားကြက်ခြံ ၉၀ တွင် ဥစားကြက်အကောင်ရေ ၇၅၀၀၀၀ကောင် မွေးမြူထားရှိပြီး နေ့စဉ် ကြက်ဥ အလုံးရေ ၄၅၀၀၀၀ ထွက်ရှိကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့နယ် ရှားပြေးကျေးရွာအနီးရှိ ငုံးမွေးမြူရေးဇုန်သို့ ရောက်ရှိရာ ငုံးဇုန်အဝင်လမ်း အရှည်ပေ ၂၁၆၀ အား အကျယ် ၁၆ ပေ၊ ကိုးလက်မထု ကွန်ကရစ်လမ်းခင်းနေမှုအား တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကာ ကွန်ကရစ်လမ်း ခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ငုံးမွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါ ငုံးမွေးမြူရေးဇုန်တွင် လုပ်ငန်းရှင် ၆၇ ဦးမှ ငုံးခြံ ၇၂ ခြံတွင် ငုံးအကောင်ရေ ၇၀၀၀၀၀ မွေးမြူထားရှိပြီး နေ့စဉ် ငုံးဥ အလုံးရေ ၃၂၀၀၀၀ ထွက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး**

**(ပြန်/ဆက်)**

## မော်လမြိုင်တပ်နယ်(သတ္တမအကြိမ်) အသံမစဲမဟာပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၂၃**

အရှေ့တောင်တိုင်းစစ်ဌာနချုပ် မော်လမြိုင်တပ်နယ်(သတ္တမအကြိမ်) အသံမစဲမဟာပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် သဉ္ဇိုသုခဓမ္မာရုံ၌ ပြုလုပ်ရာ မော်လမြိုင်မြို့ ကော့ခနိရွှေကျောင်းတိုက် ပဓာနနာယကဆရာတော်မြို့နယ်သံဃာ့ဝန်ဆောင် ဘန္ဒန္တသုမန အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မော်လမြိုင်မြို့ ကော့ခနိရွှေကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကော့ခနိရွှေကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာ တရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းပြီး ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ညောင်ဦးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ၊ ၆၈၉၂၃ ဦး ထိုးနှံပြီးဖြစ်

**ညောင်ဦး အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းကစတင်ပြီး တတိယအသုတ် ဒုတိယနေ့တွင် သတ်မှတ်စုရပ် အသီးသီး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်ထံမှ သိရသည်။

ညောင်ဦးမြို့နယ်၌ တတိယအသုတ် ကာကွယ်ဆေးထိုးနှံခြင်းအား ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်ကြီး ဝတ္တကနယ်မြေ ဝေဇယန္တာ ဗိမာန်တော်ကြီးတွင်လည်းကောင်း၊ ပုဂံမြို့ အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း၊ ငါ့သရောက်မြို့ တိုက်နယ် ပြည်သူ့ဆေးရုံကြီးနှင့် တောင်ဇင်း အခြေခံပညာအထက်တန်းကျောင်းတို့တွင် စတင်ထိုးနှံပေးလျက်ရှိသည်။ ညောင်ဦးမြို့နယ်တွင် တတိယအသုတ် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ဆေးရရှိသည့် အပေါ် သတ်မှတ်အုပ်စုများ တစ်ဆင့်ခြင်း ထိုးနှံပေးနိုင်မည်ဖြစ်သည်။



ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ဆေး ထိုးပေးခြင်းကို အသက် ၆၅နှစ်နှင့်အထက် အဘိုးအဘွားများ၊ ရဟန်း /သံဃာများ၊ နိုင်ငံ့ဝန်ထမ်းများအား ထိုးနှံပေးနိုင်ခဲ့ပြီး၊ တတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ဆေး ထိုးခြင်းအား အသက် ၄၀ နှစ်မှ ၅၉ နှစ်အတွင်းနှင့် အသက် ၆၀ နှစ်မှ အသက် ၆၉ နှစ်နှင့်အထက် သက်ကြီးအဘိုးအဘွားများအား ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည်။ အောက်တိုဘာ ၁၅ ရက်မှစတင်ပြီး တတိယသုတ် စတုတ္ထနေ့ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူ ၆၇၈၉၂၃ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**မောင်မောင်ထိန်**

**(ကျောက်ပန်းတောင်း)**

## တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ၊ ဆေး၊ ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၃**

တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့ ငွေဟင်္သာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ငါးထပ်ကြီး မြောက်ရပ်ကွက်ရှိ လိပ်ပြာကန်ကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ စမ်းချောင်းကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာရှိ ရွှေနံ့သာဘုရားကြီးကျောင်းတိုက်၊ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ခါတော်မှီကျောင်းတိုက် ပါဠိတက္ကသိုလ်ကျောင်းတိုက်နှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့ ရန်နိုင်ရပ်ကွက်ရှိ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းတို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများ၊ အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကော့သောင်းခရိုင်အခြေပြု ရေထွက်ကုန်တင်ပို့မှု အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၄၂ သန်းရရှိ

ကော့သောင်း အောက်တိုဘာ ၂၃

**မြန်မာပြည်တောင်ဘက်စွန်း ကော့သောင်းခရိုင်သည် ကမ်းနီး၊ ကမ်းဝေးငါးဖမ်းလုပ်ငန်းဖြင့် ရေလုပ်ငန်းကို အဓိက လုပ်ကိုင်သောဒေသဖြစ်ရာ ၂၀၂၁-၂၀၂၂ ကာလတိုဘတ်ဂျက်အစ အောက်တိုဘာ ၁ ရက်မှ ၂၁ ရက်အထိ ထိုင်းနိုင်ငံ ရနောင်းသို့ ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၄၂ သန်း ရရှိခဲ့ကြောင်း သိရသည်။**



ကော့သောင်းခရိုင်တွင် ကမ်းဝေးငါးဖမ်းဆီးရာ၌ ငါးဖမ်းကိရိယာအစုံဖြင့် ဖမ်းဆီးသော ရေယာဉ် ပေါင်း ၁၇၀ ရှိရာ တရွတ်ဆွဲပိုက် ရေယာဉ် ၂၇ စင်း၊ ဝိုင်းချုပ်ပိုက်ရေယာဉ် ၂၅ စင်း၊ ငါးမျှားတန်း နှစ်စင်း၊ မြှုးကဏန်းဖမ်းရေယာဉ် ရှစ်စင်း၊ မျှောပိုက်ရေယာဉ် နှစ်စင်းနှင့် ကင်းမွန်ဖမ်းရေယာဉ် ၁၀၆ စင်းတို့ဖြင့် ကမ်းဝေးလုပ်ငန်းခွင် ဝင်ရောက်လျက်ရှိသည်။ လက်ရှိတွင် ကမ်းနီး/ကမ်းဝေးငါးဖမ်းရေယာဉ် ၂၈၉ စင်း ပင်လယ်ပြင်တွင် ငါး၊ ပုစွန်ဖမ်းဆီးလျက်ရှိပြီး ရနောင်းသို့ အောက်တိုဘာလ တတိယပတ်ထိ ရေယာဉ် ၃၃၅ စင်းဖြင့် ရေထွက်ကုန်များတင်ပို့ခဲ့ရာ ကုန်တန်ချိန် ၁၄၀၃၇ တန်ကျော်မှ အမေရိကန် ဒေါ်လာ ၁၅ ဒသမ ၄၂ သန်း ရရှိခဲ့သည်။

"တနင်္သာရီတိုင်းဟာ ရေလုပ်ငန်းကိုအခြေပြုပြီး ကျန်တဲ့လုပ်ငန်းတွေ လည်ပတ်ရတာဖြစ်တဲ့အတွက် ရေလုပ်ငန်းမှာဝင်ငွေများများရရင် ဒေသခံရေလုပ်သားတွေ ဘဝရပ်တည်ဖို့ အဆင်ပြေသလို နိုင်ငံတော်အတွက်လည်း ဝင်ငွေရရှိပါတယ်။ ပြီးတော့ ရေထွက်ကုန်ရောင်းဝယ်မှုအဆင်ပြေရင် သူနဲ့ဆက်စပ်မှုအားလုံးလည်း အဆင်ပြေတာကြောင့် စီးပွားရေးကွင်းဆက်ဖွံ့ဖြိုးမှုလို့ဆိုရမှာပါ။ အခုလို ပွင့်လင်းရာသီအစမှာ ရေထွက်ကုန်တင်ပို့မှုကနေ အောက်တိုဘာ ၁ ရက်ကစပြီး ၂၁ ရက်အထိ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၄၂ သန်း ရရှိထားပါတယ်" ဟု ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ထွဋ်က ပြောကြားသည်။

ယခုရာသီသည် ဈေးကွက်ဝင် ကင်းမွန်ဖမ်းရာသီဖြစ်၍ တစ်လလျှင် အနည်းဆုံး ၂၂ ရက် ကင်းမွန်ဖမ်းဆီးလေ့ရှိပြီး လဆန်းရက်နှင့် လပြည့်ရက်တို့တွင် အလင်းရောင်ကြောင့် ကင်းမွန်ဖမ်းဆီးလေ့မရှိဘဲ ဝိုင်းချုပ်ပိုက်ဖြင့် ဖမ်းဆီးသောရေလုပ်ငန်းနှင့်ဆင်တူသည့် အမှောင်ထုတွင် လျှပ်စစ်မီးအလင်းရောင်ပေး၍ ငါးဖမ်းသောစနစ်ဖြင့် ဖမ်းဆီးခြင်းဖြစ်သည်။ ဝယ်လိုအားကောင်းသော ကင်းမွန်ရေထွက်ကုန်ကို အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ထဲထဲဝင်ဝင်ဖမ်းဆီးလေ့ရှိပြီး ရနောင်းငါးဈေးကွက်၌ ကင်းမွန်ရှည်အကြီး တစ်ကီလို ဘတ် ၆၀ နှင့် အသေးဘတ် ၄၀ ဖြင့် လည်းကောင်း၊ ကင်းမွန်လိပ်အကြီး တစ်ကီလိုလျှင် ဘတ် ၁၂၀ နှင့် အသေးဘတ် ၉၀ ဖြင့် လည်းကောင်း ဈေးကွက်ဝင်လျက်ရှိသည်။

ကော့သောင်းကမ်းခြေမှ ၁၀ မိုင်အတွင်း ကမ်းနီးဧရိယာအဖြစ်သတ်မှတ်ထားပြီး ၁၀ မိုင် ကျော်ပါက ကမ်းဝေးဧရိယာအဖြစ် သတ်မှတ်၍ ငါး/ပုစွန်ဖမ်းဆီးခွင့်ပြုထားသော ဧရိယာအတွင်း၌သာ ဖမ်းဆီးခွင့်ပြုထားခြင်းဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီးတွင် ငါးဖမ်းကွက် ၅၂ ကွက်ရှိပြီး ကော့သောင်းခရိုင်အတွင်း၌ ငါးဖမ်းကွက် ၂၂ ကွက်တွင် F-6၊ S-6၊ E-24 အကွက်တို့သည် ငါးဖမ်းဆီးမှု အများဆုံးဧရိယာများဖြစ်သည်။ လန်ပိကျွန်း၏ နှစ်မိုင်အတွင်း ရေသယံဇာတထိခိုက်မှုမရှိစေရန် ငါး၊ ပုစွန်ဖမ်းဆီးခွင့်ကို တားမြစ်ထားပြီး ဖမ်းဆီးခွင့်ပြုထားသော နေရာတို့တွင် ငါးလုပ်ငန်းဦးစီးဌာနက သတ်မှတ်ထားသော ငါးဖမ်းပိုက်အမျိုးအစားနှင့်အညီ ခွင့်ပြုထားလျက်ရှိကြောင်း သိရသည်။

**သတင်း-ညီမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**




## တောင်သာမြို့နယ် ဘိုးဘွားရိပ်သာဝင်းအတွင်းရှိ အောက်ဆီဂျင်စက်ရုံအတွက် အလှူရှင်များက မီးစက်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၂၃

ကိုဗစ်-၁၉ ရောဂါ ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင် လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို လှူဒါန်းပေးလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ဘိုးဘွားရိပ်သာဝင်းအတွင်း၌ တည်ဆောက်ပြီးစီးခဲ့သည့် အများပိုင်အောက်ဆီဂျင်စက်ရုံတွင် လျှပ်စစ်ပြတ်တောက်သည့်အချိန်၌ အဆင်ပြေချောမွေ့စွာ လည်ပတ်အသုံးပြုရန်အတွက် အလှူရှင်များက လှူဒါန်းသည့် ငွေကျပ်သိန်း ၄၅၀ တန်ဖိုးရှိ မီးစက်တစ်လုံးကို အလှူရှင်များက လာရောက်လှူဒါန်းရာ စက်ရုံမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့ပြင် ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့၌ တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ ဝင်အိုး ၈၀ ထွက်ရှိသည့် အောက်ဆီဂျင်ထုတ်လုပ်သည့်စက် စမ်းသပ်လည်ပတ်နေမှုကို ယနေ့တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြဝတီကုန်သွယ်ရေးစခန်းမှ တင်သွင်းရာ ကုမ္ပဏီတစ်ခုမှ အောက်ဆီဂျင်အရည်(Bowser) ယာဉ်တစ်စီးဖြင့် တန် ၂၀ တင်သွင်းခဲ့ပြီး အဆိုပါ အောက်ဆီဂျင် (အရည်) Bowser ယာဉ် တစ်စီးမှာ မြဝတီမှ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၁ ရက်မှ ၂၃ ရက်အတွင်း ကုမ္ပဏီ ၆၅ ခုမှ ယာဉ်စီးရေ ၁၅၀ ဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၂၇၃ တန်၊ အောက်ဆီဂျင် (အရည်) Storage Container နှစ်ခု၊ အောက်ဆီဂျင် (အရည်) Distributor သုံးခု၊ အောက်ဆီဂျင် (အိုးခွံ) ၁၄၅၂၁ ခု၊ Oxygen Plant ၄၆ ခု၊ ဆေးရုံသုံးအောက်ဆီဂျင်ဖြည့်စက် လေးခု၊ Oxygen Generator ၁၆ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၁၆၉၉ ခု၊ Test Kit ၁၅၁၀၅ ခု၊ PPE ဝတ်စုံ ၁၆၈၃၂၅၊ လက်အိတ် ၆၇တန်နှင့် နှာခေါင်းစည်း (Mask) ၅၉၇ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

အောက်တိုဘာ ၁ ရက်မှ ၂၃ ရက်အတွင်း ပြည်ပမှတင်သွင်းသည့် အောက်ဆီဂျင်အရည် (Bowser) ယာဉ် စုစုပေါင်း ၁၄ စီးမှာ ရန်ကုန်မြို့သို့ ၁၁ စီးနှင့် မန္တလေးမြို့သို့ သုံးစီးဖြစ်ပြီး Oxygen Plant စုစုပေါင်း ၄၆ ခုမှာ ရန်ကုန်မြို့သို့ ၃၂ ခု၊ မြစ်ကြီးနားမြို့သို့ နှစ်ခု၊ ကူမဲမြို့သို့ နှစ်ခု၊ လှိုင်ကော်မြို့သို့ နှစ်ခု၊ မန္တလေး၊ ဟုမ္မလင်း၊ ကျုံဒိုး၊ ဆင်ပေါင်ဝဲ၊ မင်းတုံး၊ သရက်၊ စလင်းနှင့် ပွင့်ဖြူမြို့များသို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။




မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်(အရည်)များ တင်ဆောင်လာသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၂၃- နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# ဖိုက်ဇာ ကိုဗစ် -၁၉ ကာကွယ်ဆေးမှာ ကလေးများတွင်လည်း ၉၀ ရာခိုင်နှုန်းကျော် အကျိုးသက်ရောက်မှုရှိဟု ဆေးကုမ္ပဏီပြော

ဝါရှင်တန် အောက်တိုဘာ ၂၃

**ဖိုက်ဇာကိုဗစ် -၁၉ကာကွယ်ဆေးသည် အသက်ငါးနှစ်မှ ၁၁ နှစ်ကလေးငယ်များတွင် ကိုဗစ် -၁၉ ရောဂါလက္ခဏာကို ၉၀ ရာခိုင်နှုန်းကျော် ကာကွယ်ပေးနိုင်သည်ဟု ကုမ္ပဏီမှ အောက်တိုဘာ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။**

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့်အချက်အလက်များအရ အမှီအခိုကင်းသည့် ကျွမ်းကျင်သူများသည် အောက်တိုဘာ ၂၆ ရက်တွင် တွေ့ဆုံပြီး အဆိုပါ အသက်အပိုင်းအခြားအုပ်စုတွင် ကာကွယ်ဆေးထိုးပေးရန် သင့်မသင့်ကို ဆုံးဖြတ်သွားမည်ဖြစ်သည်။ လူပေါင်း ၂၂၅၀ ပါဝင်သည့် လေ့လာမှုကို အခြေခံကာ သုတေသနပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ကလေးငယ်များအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး အကျိုးသက်ရောက်မှုများကို ပထမဆုံးအကြိမ်အဖြစ် ဖိုက်ဇာကုမ္ပဏီက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အသက်ကြီးသည့်အသက်အုပ်စုတွင် ၃၀ မိုက်ခရိုဂရမ်ဆေးပေးသော်လည်း ယခုစမ်းသပ်မှုတွင်မူ ၁၀ မိုက်ခရိုဂရမ်ဖြင့်သာ စမ်းသပ်ထားကြောင်း သိရသည်။

သိပ္ပံအရာရှိများက ကာကွယ်ဆေးကိုခွင့်ပြုချက်ပေးသည်နှင့်တစ်ပြိုင်နက် အသက်ငါးနှစ်မှ ၁၁ နှစ်ကြား လူဦးရေ ၂၈သန်းကို ကာကွယ်ဆေးထိုးပေးရန် အဆင်သင့်ရှိကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အစိုးရအဖွဲ့က ပြောသည်။ **အေအက်ဖ်ပီ**




ဖိုက်ဇာ ကိုဗစ်-၁၉ ကာကွယ်ဆေး။

# ဆိုမာလီယာအလယ်ပိုင်းတွင် တင်းမာမှုများကြောင့် ရွှေ့ပြောင်းနေထိုင်သူ တစ်သိန်းကျော်ရှိလာ

**မိုဂါဒစ်ရှူး အောက်တိုဘာ ၂၃**

ဆိုမာလီယာအလယ်ပိုင်း ဂယ်လ်မူဒေါ့မြို့တွင် အရန်တပ်ဖွဲ့နှင့် အစိုးရတပ်များကြား လက်ရှိ တင်းမာမှုများနှင့် ပဋိပက္ခများကြောင့် ရွှေ့ပြောင်းနေထိုင်သူ ၁၀၀၀၀၀ ကျော် ရှိလာသည်ဟု ကုလသမဂ္ဂက အောက်တိုဘာ ၂၂ ရက်တွင်ပြောသည်။

အဆိုပါတင်းမာမှုမှာ ကျေးရွာပေါင်း ၂၈ ရွာသို့ ပျံ့နှံ့သွားပြီဟု ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များရုံးက ပြောသည်။

အစိုးရနှင့် လူမျိုးစုအကြီးအကဲတို့ ဆွေးနွေးပွဲပျက်သွားပြီးနောက် ဂူရီရယ်မြို့ကို တပ်ဖွဲ့များနှင့် ဝိုင်းထားကြောင်း ဒေသခံအစိုးရက ပြောသည်။



နေရပ်မှ ရွှေ့ပြောင်းလာသည့် ဆိုမာလီယာပြည်သူများကို တွေ့ရစဉ်။

ပြည်တွင်း ရွှေ့ပြောင်းနေထိုင်သူများမှာ ၎င်းတို့၏ ဆွေမျိုးများ ခိုလှုံရာနေရာတွင် နေထိုင်နေကြပြီး ခိုလှုံရာနေရာများမှာ လူများနှင့် ပြည့်ကျပ်နေသည်။

မိသားစုပေါင်း ၇၃၀၀ ကို လက်ခံနိုင်ရေးအတွက် စခန်းသုံးခုကို ဆောက်လုပ်ထားကြောင်း ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များရုံးက ပြောသည်။

**ဆင်ဟွာ**

# မလေးရှားနိုင်ငံ၌ ကိုဗစ် -၁၉ ကူးစက်ခံရသူ ၆၆၃၀ ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ အောက်တိုဘာ ၂၃**

မလေးရှားနိုင်ငံ၌ အောက်တိုဘာ ၂၂ ရက် မွန်းလွဲပိုင်းတွင် ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၆၆၃၀ ထပ်မံတွေ့ရှိခဲ့ရာ တစ်နိုင်ငံလုံးအနှံ့ စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၂၄၂၀၂၂၂ ဦးအထိ ရှိလာခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ပြည်ပမှကူးစက်ခံလာရသူ ၁၅ ဦးရှိပြီး ပြည်တွင်းကူးစက်ခံရသူ ၆၆၁၅ ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ထုတ်ပြန်ချက်တွင် ပါရှိသည်။

သေဆုံးသူဦးရေမှာလည်း ၇၈ ဦးတိုးလာသည်။ လက်ရှိတွင် ရောဂါခံစားနေရသူ ၈၀၆၉၇ဦးရှိပြီး အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရသူ ၆၄၃ ဦးရှိသည်။

အသက်ရှူအထောက်အကူပြု ကိရိယာတပ်ဆင်ထားရသူ ၃၂၀ ရှိသည်ဟု သိရသည်။ **ဆင်ဟွာ**

# ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး တာလီဘန်ခေါင်းဆောင်များနှင့်တွေ့ဆုံ

**ကဘူးလ် အောက်တိုဘာ ၂၃**

ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ရှမာမွတ် ကရက်ရှီသည် အောက်တိုဘာ ၂၁ ရက်တွင် အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ တာလီဘန်ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သည်။

ဩဂုတ်လအတွင်း တာလီဘန်များက အာဖဂန်နစ္စတန်နိုင်ငံကို ထိန်းချုပ်ပြီးနောက် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး၏ ပထမဆုံး အာဖဂန်ခရီးစဉ်လည်း ဖြစ်သည်။ ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးသည် အာဖဂန်နစ္စတန်နိုင်ငံမှ ခေတ္တနိုင်ငံခြားရေးဝန်ကြီး အာမီယာခန်းမက်တာကီနှင့် ခေတ္တဝန်ကြီးချုပ် မူလာဟတ်ဆန်အာခန်းနှင့် တွေ့ဆုံခဲ့ကြသည်။

အာဖဂန်နစ္စတန်နိုင်ငံ စီးပွားရေးပြိုလဲမည့်အရေးမှ ရှောင်ရှားနိုင်ရေးအတွက် ဒေါ်လာသန်း ၂၈၀ အကူအညီပေးသွားမည်ဟု ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

ထို့ပြင် ကုန်သွယ်မှုများ အဆင်ပြေချောမွေ့စေရေးအတွက် နယ်စပ်ထိန်းချုပ်မှုအချို့ကိုလည်း ဖြေလျှော့ပေးမည်ဟု ၎င်းက ဆက်လက် ပြောကြားသည်။

အလားတူပင် အာဖဂန်ကုန်သည်များအတွက် သစ်သီးနှင့်သီးနှံများကိုလည်း အခွန်ကင်းလွတ်ခွင့်ဖြင့် ခွင့်ပြုပေးသွားမည်ဟု ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ကနေဒါနိုင်ငံ၌ ကိုဗစ် -၁၉ နောက်ထပ်ကူးစက်မှုများ ဆက်လက်ကျဆင်း

**အော့တဝါ အောက်တိုဘာ ၂၃**

ကနေဒါနိုင်ငံတွင် အောက်တိုဘာ ၁၅ ရက်မှ ၂၁ ရက်အတွင်း ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုမှာ ပျမ်းမျှအားဖြင့် ၂၈၂၁ ဦးရှိသည်။

ပြီးခဲ့သည့် သီတင်းပတ်ကနှင့်နှိုင်းယှဉ်လျှင် ၁၁ ရာခိုင်နှုန်း ကျဆင်းသွားခြင်း ဖြစ်သည်ဟု ကနေဒါ ပြည်သူ့ကျန်းမာရေးအေဂျင်စီက အောက်တိုဘာ ၂၂ ရက်တွင် ပြောသည်။



ကနေဒါနိုင်ငံ မွန်ထရီရယ်မြို့တွင် မေ ၂၂ ရက်က ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

ကိုဗစ် – ၁၉ ကြောင့် ဆေးရုံတက်ရခြင်းနှင့် စိုးရိမ်ရသည့် အခြေအနေရှိသူမှာလည်း တည်ငြိမ်သည့် အနေအထားသို့ ရောက်ရှိလာသည်။ အောက်တိုဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ကိုဗစ်-၁၉ ကြောင့် ဆေးရုံတက်ရသူဦးရေမှာ ၂၃၆၇ ဦးရှိသည်။

ပြီးခဲ့သည့် သီတင်းပတ်ကနှင့် နှိုင်းယှဉ်လျှင် ၄ ရာခိုင်နှုန်း ကျဆင်းလာခြင်းဖြစ်သည်။

အောက်တိုဘာ ၂၂ ရက်မွန်းလွဲပိုင်းတွင် နောက်ထပ်ကူးစက်ခံရသူ ၂၇၅၄ ဦး ထပ်မံတွေ့ရှိခဲ့သည်။

**ဆင်ဟွာ**

# တာလီဘန် အုပ်ချုပ်မှုအောက်မှာ အခက်အခဲများနှင့် ရင်ဆိုင်နေရတဲ့ အာဖဂန် သားဖွားဆရာမများ

*ကေကေစိုး*

တာလီဘန်တို့ အခိုင်အမာ ထိန်းချုပ်ထားရာနေရာရှိ အာဖဂန် သားဖွားကောလိပ်မှ ဆရာမများသည် ၎င်းတို့ပြတင်းပေါက်များကို ကျော်ဖြတ်လာသော ကျည်ဆန်များ ကြားမှပင် ၎င်းတို့၏ လုပ်ငန်းကို ဖွဲ့မလျှော့ဘဲ ဆက်လက်လုပ်ကိုင်သွားမည်ဟု ဆိုသည်။

**တောင်းဆိုခဲ့**

သားဖွားဆရာမများ၏ နောက်ဆုံးလေ့ကျင့်ရေးစင်တာ ဖောက်ခွဲခံရသည့်တိုင် ၎င်းတို့၏ ဆုံးဖြတ်ချက်ကို မပြောင်းခဲ့ပေ။ ကျေးလက်ဒေသရှိ မိခင်နှင့် ကလေးများအကျိုးအတွက် ဆက်လက်လုပ်ကိုင်သွားမည်ဟု ပြောသည်။

ယခုအခါ အာဖဂန်နစ္စတန်နိုင်ငံကို သဘောထားတင်းမာသူ တာလီဘန်များက ထိန်းချုပ်ထားပြီး သားဖွားသင်တန်းဆရာမများ သည် ၎င်းတို့၏ လုပ်ငန်းကို ငြိမ်းငြိမ်းချမ်းချမ်း ဆက်လက်လုပ်ကိုင်ခွင့် ရရှိရေးအတွက် အစိုးရသစ်ထံတောင်းဆိုခဲ့ကြသည်။

**လုံခြုံစိတ်ချရသည့်နေရာ ထောက်ပံ့ပေးရန်လို**

လူသားချင်းစာနာထောက်ထားမှုနှင့် မျိုးချစ်စိတ်ဓာတ်ကြောင့် အလုပ်ကို ဆက်လက်လုပ်ကိုင်နေခြင်းဖြစ်ကြောင်း၊ ကျွန်ုပ်တို့လူ့ အသိုင်းအဝိုင်းအတွင်း အဖိနှိပ်ခံရဆုံးသော အဖွဲ့ဝင်များဖြစ်သည့် အမျိုးသမီးများနှင့်ကလေးများ အကျိုးအတွက်သာ ဆက်လက်လုပ်ကိုင် ပေးနေခြင်းဖြစ်ကြောင်း ဆရာမတစ်ဦးဖြစ်သူ ရှဖီကာဘီရွန်နီက အေအက်ဖ်ပီသို့ပြောသည်။

တာလီဘန်တို့ထံတောင်းဆိုချက်မှာ အခြားသောအမျိုးသမီးများ ကို အကူအညီပေးနိုင်ရေးအတွက် လုံခြုံစိတ်ချရပြီး လွတ်လပ်မှုရှိသည့် နေရာတစ်ခု ထောက်ပံ့ပေးရန်ပင်ဖြစ်သည်ဟု အသက် ၅၂ နှစ်ရှိပြီဖြစ် သော ရှဖီကာဘီရွန်နီက ပြောသည်။

**ပုန်းအောင်းနေရ**

ဝါဒ့ါခ်ပြည်နယ် အလယ်ပိုင်းမေဒင်ရှားမြို့ရှိ သားဖွားသင်တန်း ကျောင်းမှာ ၂၀၂၂ ခုနှစ် မေလသို့ရောက်လျှင် ကျောင်းသူ ၂၅ ဦးကို ဘွဲ့ပေးနိုင်တော့မည်ဖြစ်သည်။ ထိုစဉ် တာလီဘန်များနှင့် အစိုးရ ဟောင်းတပ်ဖွဲ့ဝင်များကြား အပစ်အခတ်များကြောင့် သားဖွားကျောင်း မှာ ကြားညပ်နေခဲ့ရသည်။

ဆရာများနှင့် ကျောင်းသားများမှာ သံတံခါးများနောက်တွင် ပုန်းအောင်းနေရသည်။ ဤအလုပ်မှာ ခက်ခဲသည့် အလုပ်ပင်ဖြစ် သည်ဟု သင်တန်းဒါရိုက်တာ ခါတူးဖာဇလီက ပြောသည်။ ၎င်း၏ ရုံးခန်းနံရံများတွင် ကျည်ဆန်ရာများနှင့် ပြည့် နေသည်။ နေ့စဉ်နှင့်အမျှ တိုက်ပွဲများဖြစ်နေသည်ဟုလည်း ၎င်းက ဆက်ပြောသည်။

**ဖိအားပေးခံရ**

၂၀၁၃ ခုနှစ်အတွင်း ကျောင်းနေရာဟောင်းမှာ ပေါက်ကွဲမှုကြောင့် လုံးဝပျက်စီးသွားခဲ့ရသည်။ တာလီဘန်များမှာ ၁၉၉၆ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ဖိနှိပ်အုပ်ချုပ်သည်ဟု နာမည်ဆိုးဖြင့် ကျော်ကြားခဲ့ပြီး အဆိုပါကာလအတွင်း အမျိုးသမီးများနှင့် မိန်းကလေးများကို စာသင် ကျောင်းများနှင့် လုပ်ငန်းခွင်များမှ ဆွဲထုတ်ခဲ့သည်။

ကျန်းမာရေး လုပ်သားအချို့မှာလည်း နေရပ်ပြန်ရန် ဖိအား ပေးခံရပြီး ကြောက်ရွံ့မှုများစွာနှင့်ကြုံတွေ့ခဲ့ရသည်။ မေလအတွင်း တာလီဘန်များသည် ဝါဒ့ါခ်ပြည်နယ်ကို အစိုးရတပ်များထံမှ ပြန်လည် လုယူခဲ့သည်။

**လေးလတိုင်တိုင် လုပ်ခမရ**

ဩဂုတ်လလယ် အရောက်တွင်မူ တစ်နိုင်ငံလုံးကို တာလီဘန်များ က ထိန်းချုပ်သွားနိုင်ခဲ့သည်။ ယခုအချိန်တွင်မူ အုပ်ချုပ်သူအသစ် များသည် သားဖွားလုပ်ငန်းကိုထိခိုက်စေသည့် စည်းမျဉ်းသစ်များ ချမှတ်ခဲ့သည်။ သားဖွားသင်တန်းကျောင်းမှပေးသည့် ဝန်ဆောင်မှုများ ကို မှီခိုနေရသူများထဲတွင် တာလီဘန်သစ္စာတော်ခံများ၏ ဇနီးများနှင့် ကလေးများလည်း ပါဝင်သည်ဟု သင်တန်းဒါရိုက်တာ ခါတူးဖာဇလီက ပြောသည်။



သားဖွားကျောင်းမှ သင်တန်းသူများ လေ့ကျင့်နေကြစဉ်။

**သို့သော်လည်း အာဖဂန်နစ္စတန်နိုင်ငံသည် ကမ္ဘာပေါ်တွင် မွေးကင်းစကလေး သေဆုံးမှုအမြင့်ဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ် နေဆဲပင်ဖြစ်သည်။ ကိုယ်ဝန်ဆောင်ခြင်းနှင့် ပတ်သက်သည့် ကျန်းမာရေးပြဿနာများကြောင့် အာဖဂန်နစ္စတန်နိုင်ငံတွင် နှစ်စဉ် ကိုယ်ဝန်ဆောင်အမျိုးသမီး ထောင်နှင့်ချီ၍ သေဆုံးကြရ**

နိုင်ငံတစ်ဝန်းရှိ အခြားသောကျန်းမာရေးလုပ်သားများကဲ့သို့ပင် သားဖွားဆရာမများ ကြုံတွေ့နေရသည့်အခက်အခဲမှာ လေးလ တိုင်တိုင် လုပ်ခလစာမရရှိခြင်းပင်ဖြစ်သည်။

**အောင်မြင်တိုးတက်မှုများစွာ ရရှိခဲ့**

အာဖဂန်နစ္စတန်နိုင်ငံ၏ ပျက်ယွင်းနေသည့် ဘဏ်စနစ်ကြောင့် လေးလတိုင်တိုင် လုပ်ခလစာမရရှိခြင်းပင်ဖြစ်သည်။ ပြီးခဲ့သည့် ၁၅ နှစ်တာကာလအတွင်း အောင်မြင်တိုးတက်မှုများစွာ ရရှိခဲ့သည်။ ကျန်းမာရေးအဆောက်အအုံများနှင့် လေ့ကျင့်ရေးသင်တန်းကျောင်း များကို ထောက်ပံ့ပေးခဲ့ကြသည့် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်း၏ အကူအညီများကြောင့်ပင်ဖြစ်သည်။

**မွေးကင်းစကလေးသေဆုံးမှု မြင့်မားဆဲဖြစ်**

သို့သော်လည်း အာဖဂန်နစ္စတန်နိုင်ငံသည် ကမ္ဘာပေါ်တွင် မွေးကင်းစကလေး သေဆုံးမှုအမြင့်ဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ် နေဆဲပင်ဖြစ်သည်။

ကိုယ်ဝန်ဆောင်ခြင်းနှင့် ပတ်သက်သည့် ကျန်းမာရေးပြဿနာ များကြောင့် အာဖဂန်နစ္စတန်နိုင်ငံတွင် နှစ်စဉ် ကိုယ်ဝန်ဆောင် အမျိုးသမီးထောင်နှင့်ချီ၍ သေဆုံးကြရသည်။

**ကြိုတင်ကာကွယ်နိုင်သည့် ပြဿနာများသာဖြစ်**

အချို့သောကျန်းမာရေးပြဿနာများမှာ ကြိုတင်ကာကွယ်နိုင် သည့် ပြဿနာများသာဖြစ်သည်။ သင်တန်း ဒါရိုက်တာ ခါတူးဖာဇလီ သည် ၂၀၀၄ ခုနှစ်တွင် စင်တာကို စတင်ထူထောင်ခဲ့ပြီး ပြည်နယ်အတွင်း ကိုယ်ဝန်ဆောင်အမျိုးသမီးများကြုံတွေ့ရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးအတွက် တည်ထောင်ခဲ့ခြင်း ဖြစ်သည်။

**အမျိုးသမီး ၁၈၁ ဦး ဘွဲ့ရပြီးဖြစ်**

သားဖွားစောင့်ရှောက်မှုများကို သတိပေးထားသည့်ပိုစတာများနှင့် ကိုဗစ်-၁၉ ကျန်းမာရေးသတိပေးချက် ပိုစတာများ ချိတ်ဆွဲထားသည့် အခန်းတွင် လေ့ကျင့်ရေးသင်တန်းသူများက လေ့လာရသည်။

အေအက်ဖ်ပီက သွားရောက်လေ့လာစဉ်အတွင်း အဖြူရောင်ကုတ် အင်္ကျီ ခေါင်းဆောင်းဆောင်းထားသောအမျိုးသမီး ၁၀ ဦးသည် အမျိုးသမီး ပလတ်စတစ်ရုပ်၊ ဆေးဘက်ဆိုင်ရာပစ္စည်းများဖြင့် သားဖွားမှုနှင့် အရေးပေါ်လုပ်ထုံးလုပ်နည်းများကို လေ့လာနေကြ သည်။

အဆိုပါ သင်တန်းကျောင်းကို စတင်တည်ထောင်သည့်အချိန်မှ စတင်ကာ သားဖွားသင်တန်းကျောင်းမှ အမျိုးသမီး ၁၈၁ ဦးဘွဲ့ရရှိခဲ့ပြီး ဖြစ်သည်။ ။

**ကိုးကား - အေအက်ဖ်ပီ**

## အောက်တိုဘာ ၂၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၆၇ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ၂၀ ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၈၅၁၁ ဦးရှိ

(၂၃-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၂-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၃-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၉,၈၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁,၀၆၇)ဦး တွေ့ရှိ**ရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၅.၃၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၇၂၀,၆၀၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၄၉၃,၅၇၆) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၄၂၈) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၅၅,၁၇၆*)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ **ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၀) ဦး** ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၅၁၁) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၂၃-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၀၁၆)ခု | (၂၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၈)ခု | (၇)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၅၃)ခု | (၂)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၉၇)ခု | (၁၁၆)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၄၆)ခု | (၁၀)ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၄၀) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၂၂)ခု | (၁၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၁၀၈)ခု | (၉၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၅,၈၇၄)ခု | (၈၀၇)ဦး |
| **စုစုပေါင်း** | (၁၉,၈၂၄)ခု | (၁,၀၆၇)ဦး |

- သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားလာသူများခြင်းနှင့် အချို့နေရာများတွင် လူစုလူဝေးများပြားခြင်းများရှိခဲ့ပါသည်။ ကိုဗစ်–၁၉ ရောဂါကူးစက်ဖြစ်ပွားမှု ပြန်လည်မြင့်တက် လာမှု မရှိစေရန်နှင့် ရောဂါကူးစက် ဖြစ်ပွားမှု ဆက်လက်လျော့ကျလာစေရန်အတွက် ပြည်သူလူထုအနေဖြင့် အောက်ပါအချက်များကို တိကျစွာလိုက်နာကြရန် ဖြစ်ပါသည်။
  - အတတ်နိုင်ဆုံး မိမိတို့၏နေအိမ်များတွင်သာ နေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊
  - နေအိမ်ပြင်ပသို့ သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
  - လက်ကို မကြာခဏဆေးကြောခြင်း၊
  - တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်း၊
  - အလှည့်ကျရရှိလာသည့် ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက် ခံယူခြင်း၊
  - သံသယရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက မိမိဘာသာ ကုသခြင်းမျိုး မဆောင် ရွက်ဘဲ နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံး ဆက်သွယ်သတင်းပေးပို့၍ မိမိနှင့် အနီးကပ်ထိတွေ့သူများအား ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
  - ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်း ကျန်းမာ ရေးဌာနသို့ သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်း လုပ်ငန်းများကို ပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်း၊
- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မှတ်ချက် (*)(၂၀၂၁) ခုနှစ်၊ စက်တင်ဘာ၊ အောက်တိုဘာလများတွင် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးရှိ ဆေးရုံများ၊ ကိုဗစ်ကုသရေးစင်တာများ၊ ပုဂ္ဂလိကဆေးရုံများနှင့် တပ်မတော်ဆေးရုံများတွင် တက်ရောက် ကုသမှုခံယူခဲ့ပြီး ရောဂါသက်သာပျောက်ကင်း၍ ဆေးရုံမှဆင်းခွင့်ရရှိပြီးသော လူနာများကို ပြန်လည်စိစစ်၍ ဆေးရုံဆင်း/ ပြန်လည်သက်သာလာသူများအား ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၂၃- ၁၀ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၆၂၆၄၅၉၆ | ၃၆၀၀၀၈၂၁ | ၇၅၅၇၂၁ |
| ၂။ | အိန္ဒိယ | ၃၄၁၅၉၅၆၂ | ၃၃၅၃၂၁၂၆ | ၄၅၃၇၄၂ |
| ၃။ | ဘရာဇီး | ၂၁၇၁၁၈၄၃ | ၂၀၈၈၅၄၈၄ | ၆၀၅၂၁၁ |
| ၄။ | ဗြိတိန် | ၈၆၈၉၉၄၉ | ၇၀၈၆၀၉၆ | ၁၃၉၃၂၆ |
| ၅။ | ရုရှား | ၈၂၀၅၉၈၃ | ၇၁၄၃၁၃၇ | ၂၂၉၅၂၈ |
| ၆။ | တူရကီ | ၇၈၀၀၇၉၆ | ၇၂၃၁၉၂၂ | ၆၈၇၀၀ |
| ၇။ | ပြင်သစ် | ၇၁၁၄၅၇၂ | ၆၉၀၅၈၇၅ | ၁၁၇၄၄၀ |
| ၈။ | အီရန် | ၅၈၅၁၆၇၀ | ၅၄၀၂၈၆၅ | ၁၂၅၀၅၂ |
| ၉။ | အာဂျင်တီးနား | ၅၂၇၈၉၁၀ | ၅၁၄၄၃၆၄ | ၁၁၅၈၁၉ |
| ၁၀။ | စပိန် | ၄၉၉၇၇၃၂ | ၄၈၄၈၄၃၂ | ၈၇၁၃၂ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၃- ၁၀ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၃၉၃၉၆ | ၄၀၈၁၄၁၇ | ၁၄၃၁၇၆ |
| ဖိလစ်ပိုင် | ၂၇၅၁၆၆၇ | ၂၆၄၇၀၃၁ | ၄၁၅၈၅ |
| မလေးရှား | ၂၄၂၀၂၂၂ | ၂၃၁၁၂၁၃ | ၂၈၃၁၂ |
| ထိုင်း | ၁၈၄၁၁၃၁ | ၁၇၂၀၆၂၉ | ၁၈၆၉၉ |
| ဗီယက်နမ် | ၈၈၄၈၉၅ | ၈၀၄၆၆၄ | ၂၁၆၂၀ |
| မြန်မာ | ၄၉၃၅၇၆ | ၄၅၅၁၇၆ | ၁၈၅၁၁ |
| စင်ကာပူ | ၁၆၅၆၆၃ | ၁၃၅၇၁၇ | ၂၉၄ |
| ကမ္ဘောဒီးယား | ၁၁၇၆၄၄ | ၁၁၂၆၅၈ | ၂၇၂၅ |
| လာအို | ၃၄၉၈၅ | ၂၇၈၉၃ | ၅၀ |
| ဘရူနိုင်း | ၁၁၉၀၁ | ၉၃၆၈ | ၈၀ |

# မွန်ပြည်နယ် ဝန်ကြီးချုပ် မော်လမြိုင်မြို့ သမိုင်းဝင်နဂါးမောက်စေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံပြန်လည်တည်ဆောက်နေမှု သွားရောက်ကြည့်ရှု

**မော်လမြိုင် အောက်တိုဘာ ၂၃**

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းသည် ယမန်နေ့က မော်လမြိုင်မြို့ သမိုင်းဝင် နဂါးမောက် စေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံ ပြန်လည်တည် ဆောက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှု သည်။

ထိုသို့ ကြည့်ရှုရာတွင် ပြည်နယ်ဝန်ကြီးချုပ်က စေတီတော်မြတ်ကြီး ဉာဏ်တော်မြင့်တင်နေမှု၊ စေတီ တော်အသစ် မွမ်းမံနေမှု၊ ထီးတော်တင်နိုင်ရေး၊ သံဃာတော်များ သီတင်းသုံးနိုင်ရန် အဆောက်အအုံ တည်ဆောက်နေမှု၊ ရင်ပြင်တော် ကြွေပြားခင်းကျင်း နေမှု၊ နှစ်ထပ်ဓမ္မာရုံအသစ် တည်ဆောက်နေမှု၊ စေတီတော်ပတ်လမ်းများ၊ ဘုရားပုရိဝုဏ် သန့်ရှင်း သာယာလှပစေရေး ဆောင်ရွက်နေမှု၊ ခြံစည်းရိုးကာရံ နေမှုနှင့် အခြားဘက်စုံ မွမ်းမံတည်ဆောက်နေမှု များကို ကြည့်ရှုကာ လိုအပ်သည်များ ကူညီ ထောက်ပံ့ပေးသည်။

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သမိုင်းဝင် နဂါး မောက်စေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံ ပြန်လည် တည်ဆောက်ရာတွင် အလှူ့ရှင် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးလှထွန်းမိသားစု (ကိုလှထွန်း ငရုတ်သီးမှုန့်လုပ်ငန်း)က မတည်လှူဒါန်းမှုနှင့်အတူ အများပါဝင် စုပေါင်းလှူဒါန်းမှုဖြင့် စေတီမြတ်ကြီး ကို ဘက်စုံမွမ်းမံ ပြန်လည်တည်ဆောက်လျက်ရှိ ကြောင်း သိရသည်။

ဇာဖြူဝင်း(ပြန်/ဆက်)



ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း သမိုင်းဝင်နဂါးမောက်စေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံ ပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစဉ်။

## မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားကြီးအား ပြန်လည်ပြုပြင်မွမ်းမံ

**ပွင့်ဖြူ အောက်တိုဘာ ၂၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် အောက်တိုဘာ ၁၇ ရက်က မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် ကျောင်းတော်ရာကျေးရွာရှိ သာသနာ့သမိုင်းဝင် စန္ဒကူးနံ့သာကျောင်း တော်ရာဘုရားကြီး စိန်ဖူးတော်၊ ငှက်မြတ် နားတော်နှင့် အရံစေတီ ရှစ်ဆူ ထိခိုက်ပျက်စီး ခဲ့သည်။

ရပ်ဝေးရပ်နီးမှ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းစွာ ဖူးမြော်ကြည်ညိုနိုင်ရေး အတွက် အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက စတင်ပြီး အလှူ့ရှင် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ် တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း (ဗဟို)ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာ ခင်ရွှေနှင့် မိသားစုက ပြန်လည်ပြုပြင်မွမ်းမံ နေပြီဖြစ်ကြောင်း အဆိုပါ စန္ဒကူးနံ့သာ ကျောင်းတော်ရာဘုရားကြီး ဂေါပကအဖွဲ့ထံမှ သိရသည်။

မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စန္ဒကူးနံ့သာကျောင်း တော်ရာဘုရားကြီးအား ပြန်လည်ပြုပြင် မွမ်းမံနိုင်ရေးအတွက် အောက်တိုဘာ ၁၉ ရက် က မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း(ဗဟို)ဥက္ကဋ္ဌ ဝဏ္ဏ ကျော်ထင် ဒေါက်တာခင်ရွှေနှင့် မိသားတစ်စု က ပွင့်ဖြူမြို့နယ် စန္ဒကူးနံ့သာကျောင်းတော် ရာ ဘုရားကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဓမ္မာစာရ (သာသနဓဇ ဓမ္မာစရိယ) အား လာရောက်ဖူးမြော် ကြည်ညိုကာ ဘုရား ပြုပြင်ရန်ကိစ္စရပ်များကို လျှောက်ထား ပြီး ဆရာတော်ကြီးထံ အလှူငွေကျပ် သိန်း ၂၀၀ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရ သည်။

ရဲဝင်းနိုင် (ညောင်ဦး)

## သီပေါမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ဆက်လက်ထိုးနှံပေး

**သီပေါ အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါ မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကွင်းဆက်ပြတ်တောက် ထိန်းချုပ် နိုင်ရေးအတွက် မြို့နယ်ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကြီးကြပ်မှုဖြင့် တိုင်းရင်းသားပြည်သူများ၊ ရဟန်း သံဃာတော်များ၊ သာသနာ့ နွယ်ဝင်သီလရှင်များနှင့် ဦးစားပေး အုပ်စုတွင် ပါဝင်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယ အကြိမ် ထိုးနှံပေးခြင်းကို ယနေ့ နံနက်ပိုင်းက စုရပ်ဖြစ်သော မြို့တော်ခန်းမ၌ ထိုးနှံပေးလျက် ရှိသည်။

အဆိုပါ ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံ ပေးခြင်းကို မြို့နယ်ဒုတိယ အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးထွန်း၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လှည့်လည် ကြည့်ရှုအားပေးပြီး လိုအပ်သည် များ ကူညီဆောင်ရွက်ပေးသည်။

ထို့ပြင် သီပေါမြို့နယ်အတွင်း ရှိ အခြေခံပညာ အထက်တန်း ကျောင်း၊ အခြေခံပညာအလယ် တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူ ၅၁၄ ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေး ခဲ့ပြီး ကျန်ရှိသည့် ကျောင်းသား ကျောင်းသူများကိုလည်း ဆက် လက်ထိုးနှံပေးမည် ဖြစ်ကြောင်း သိရသည်။

စိုင်း(သီပေါ)



## အင်းတော်မြို့၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသူ ကျောင်းသားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံ

**အင်းတော် အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်းရှိ အခြေခံပညာ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းတို့မှ ကျောင်းသူ ကျောင်းသားများအား အောက်တိုဘာ ၂၁ ရက်မှစ၍ အင်းတော်မြို့ အထက်တန်းကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ပထမအကြိမ်အဖြစ် စတင်ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ထိုးနှံရာတွင် အင်းတော်မြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာ များရှိ အခြေခံပညာ အလယ်တန်းကျောင်းများ၊ အထက်တန်းကျောင်း များနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ အသက် ၁၂ နှစ်နှင့် အထက် ကျောင်းသူ ကျောင်းသားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ် ဆေးများ ထိုးနှံပေးခဲ့ရာ အင်းတော်မြို့နယ် စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ ဦးမင်းနိုင်အောင်နှင့်အဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး လှတင့်နှင့်အဖွဲ့၊ အင်းတော်မြို့နယ် ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးသည်။

ရပ်ဝေးရောက်ရှိနေခြင်း၊ ရောဂါ အခံရှိနေခြင်း၊ ဖျားနာနေခြင်းနှင့် ဖျားနာခြင်းမှ ပျောက်ကင်းစ ကျောင်းသူ ကျောင်းသားများမှအပ ကျန်ကျောင်းသူ ကျောင်းသားများ ရာနှုန်းပြည့် လာရောက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လာရောက်ထိုးနှံကြကြောင်း သိရသည်။

လူအောင်(ကသာ)

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် အောက်တိုဘာ ၂၃**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်း အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင် သည်။

မိုး/ဇလ



မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် အထက်တန်းကျောင်းတွင် အောက်တိုဘာ ၂၃ ရက်က အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးစဉ်။ ညိုညိုဝင်း(ပြန်/ဆက်)



ကရင်ပြည်နယ် ကမမောင်းမြို့တွင် အောက်တိုဘာ ၂၃ ရက်က အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

လင်းသန့်(ပြန်/ဆက်)



ဘူးသီးတောင်မြို့နယ်၌ အောက်တိုဘာ ၂၃ ရက်က အသက် ၅၅ နှစ်အထက်နှင့် ဦးတည်အုပ်စုအကျုံးဝင်သည့် ပြည်သူများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးကို သတ်မှတ်စုရပ်၌ ထိုးနှံပေးစဉ်။ လှကျော်(ပြန်/ဆက်)

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၂၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၅၅ နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီ တိုက်ပွဲရှောင်စခန်းများအတွင်းရှိပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။



**ကာကွယ်ဆေးထိုးနှံပေး**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နှင့် သီပေါမြို့တို့၌ ဒေသခံပြည်သူ ၁၇၂၁ ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ၃၃၁၅ ဦး၊ မွန်ပြည်နယ်(**အပေါ်ပိုင်း**)နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်၌ ဒေသခံပြည်သူ ၅၆၀၆၆ ဦး၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်၌ ဒေသခံပြည်သူ ၂၂၉၅ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၄၄၇၆ ဦး၊ ရှောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၂၉၉၃၁ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်၌ ဒေသခံပြည်သူ ၁၂၃၆၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၁၈၄၂၀၊ ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နှင့် မိုးညိုမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၆၂၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိရေး**

ထို့အတူ ကျောင်းသား ကျောင်းသူများ စာသင်နှစ်တစ်နှစ် နစ်နာမှုမရှိစေရေးအတွက် အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းများဖွင့်လှစ်စဉ် ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အလျင်အမြန်ရရှိစေရေးတို့အတွက် ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ကျောင်းသား ကျောင်းသူ ၄၂ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၂၅၈၀၀၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၂၁၄၉ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၄၉၆၃ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၉၄၂၀ နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၂၀၈၅၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စစ်တွေမြို့နယ်၌ IDPs စခန်းများနှင့် ဘင်္ဂါလီကျေးရွာများရှိ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပေး

စစ်တွေ အောက်တိုဘာ ၂၃

**ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ IDPs စခန်းများနှင့် ဘင်္ဂါလီကျေးရွာများရှိ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းမှ အသက် ၁၂ နှစ်နှင့် အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinovac ကို ယနေ့နံနက်ပိုင်းက စတင်ထိုးနှံပေးလျက်ရှိသည်။**

ထိုသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရာတွင် အုန်းတောချေ IDPs စခန်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း(အုန်းတောကြီး)၊ အခြေခံပညာမူလတန်းလွန်(ဘုမေ)၊ အခြေခံပညာမူလတန်းလွန်(သဲချောင်း)၊ အခြေခံပညာအထက်တန်းကျောင်း(သက္ကေပြင်ကုန်း)၊ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း(ပါဒလိတ်)၊ အခြေခံပညာမူလတန်းကျောင်း(ရွှေပြား)၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း(စစ်တွေတပ်နယ်)၊ အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်း(မင်းဂံ)၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့တွင် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinovac ကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများ၊ စစ်တွေတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများပူးပေါင်း၍ ကာကွယ်ဆေးမထိုးမီ မိဘအုပ်ထိန်းသူများ၏ ခွင့်ပြုချက်ရယူခြင်း၊ ကျောင်းသား ကျောင်းသူများအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်း၊ ရောဂါအခံ ရှိမရှိ မေးမြန်းခြင်းများ ဆောင်ရွက်ကြပြီး ဆေးထိုးနှံပေးကြကာ ဆေးထိုးပြီးနောက်တွင်လည်း မိနစ် ၃၀ အကြာ စောင့်ကြည့်ပြီးမှ ပြန်လည်ထွက်ခွာခွင့်ပြုကြောင်း သိရသည်။

စစ်တွေမြို့နယ်တွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများကို အောက်တိုဘာ ၁၇ ရက်မှစတင်ကာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပြီး မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရန်အတွက် အလယ်တန်းအဆင့်တွင် ၁၅၄၀၉ ဦးနှင့် အထက်တန်းအဆင့်တွင် ၅၆၆၁ဦး စုစုပေါင်း ၂၁၀၇၀ ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**





**စစ်တွေမြို့နယ်အတွင်းရှိ IDPs စခန်းများနှင့် ဘင်္ဂါလီကျေးရွာများရှိ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းမှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးစဉ်။**

## မချမ်းဘော့မြို့ ကောင်းမှုလုံစေတီတော်၌ ဆီမီးများထွန်းညှိပူဇော်၊ မလိခမြစ်ကမ်းဘေး၌ ဆီမီးများရေမျှော



**မချမ်းဘော့ အောက်တိုဘာ ၂၃**
ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့ ကောင်းမှုလုံ စေတီတော်မြတ်ကြီး၌ ဆီမီးများ ထွန်းညှိခြင်း၊ ကောင်းမှုလုံ တောင်ဘက်မုခ် မလိခမြစ်ကမ်း ဘေး၌ ဆီမီးများရေမျှောပူဇော် ခြင်းကို ယမန်နေ့ညပိုင်းက ပြုလုပ်သည်။ (ယာပုံ)

ထိုသို့ ပြုလုပ်ရာတွင် ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီး ရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မချမ်းဘော့မြို့နယ် စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မချမ်းဘော့မြို့နယ် ကောင်းမှုလုံ ကျေးရွာ၌ တည်ထားကိုးကွယ် လျက်ရှိသော ကောင်းမှုလုံ စေတီတော်မြတ်ကြီး၌ ဆီမီးများ ထွန်းညှိပူဇော်ခြင်း၊ ကောင်းမှု လုံစေတီတော် တောင်ဘက်မုခ် မလိခမြစ်ကမ်းဘေး၌ ဆီမီးများ ရေမျှောပူဇော်ခြင်းများ ဆောင် ရွက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဆီမီးထွန်းညှိ ပူဇော်ရန် လာရောက်ကြသည့် ဧည့်ပရိသတ်များအား ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် စစ်ဗျူဟာမှူးတို့က အာဟာရဒါန ပေါင်မုန့်များ ပေးဝေလှူဒါန်း ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများအား ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၃**
ကိုဗစ်-၁၉ ရောဂါ အတည်ပြု လူနာများနှင့် သီးသန့်စောင့်ကြည့် ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေ အသီးသီးရှိ တပ်မတော်ဆေးရုံ များ၊ နယ်မြေခံသင်တန်းကျောင်း များ၊ စစ်ကြောရေးနှင့် တည်းခိုရေး စခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိသည်။

ထိုသို့ လက်ခံဆောင်ရွက်ပေး လျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့် စောင့်ကြည့်ရမည့်သူ အမျိုးသား ၉၆ ဦးနှင့် အမျိုးသမီး ၆၂ ဦး စုစုပေါင်း ၁၅၈ ဦးကိုလည်း ကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခေတ္တခွဲ အတည်ပြု ပိုးတွေ့လူနာ အမျိုး သား သုံးဦးနှင့် အမျိုးသမီး လေးဦး စုစုပေါင်း ခုနစ်ဦးကိုလည်းကောင်း လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါစောင့်ကြည့်လူနာများ နှင့် ခေတ္တခွဲအတည်ပြု ပိုးတွေ့ လူနာများ၏ နေထိုင်စားသောက် ရေးနှင့် ကျန်းမာရေးစောင့်ရှောက် မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ ဆေးကုသရေး အဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင် ရွက်ပေးလျက်ရှိကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း




## ချယ်ဆီးက နော့ဝှစ်ချ်ကို ဂိုးပြတ်အနိုင်ယူပြီး အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်

ပရီမီယာလိဂ်ပွဲစဉ် (၉) ၏ အစောဆုံးပွဲစဉ်အဖြစ် အမှတ်ပေးဇယား ထိပ်ဆုံးမှ ချယ်ဆီးအသင်းနှင့် အမှတ်ပေးဇယားအောက်ဆုံးမှ နော့ဝှစ်ချ် အသင်းတို့ပွဲစဉ်ကို အောက်တိုဘာ ၂၃ ရက် ညပိုင်းက စတန်းဖို့ဒ်ဘရစ်၌ ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်ဆီးအသင်းက ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိ ခဲ့သည်။

မောင့်၊ အိုဒွိုင်း၊ ဟာဗက်စသည့် ထိပ်တန်းကစားသမားများဖြင့် ဦးဆောင်ပွဲထွက်လာသော အိမ်ရှင် ချယ်ဆီးအသင်းသည် ပွတ်ကီ၊ ဆာဂျန့်တို့ ဦးဆောင်ပွဲထွက်လာသည့် နော့ဝှစ်ချ်အသင်းကို ကစားကွက် အသာ၊ ခြေအသာဖြင့် ထိန်းချုပ်ကစားနိုင်ခဲ့သည်။ ပွဲစသည်နှင့် တစ်ပြိုင်နက် နိုင်ပွဲရရှိရေးပြင်ဆင်လာသည့် ချယ်ဆီးအသင်းသည် ပွဲချိန် ၈ မိနစ်တွင် အဖွင့်ဂိုးရရှိခဲ့ပြီး ဂျော်ဂျင်ဟို၏ ဖန်တီးမှုကို မောင့်က သွင်းယူပေးခဲ့သည်။ ထို့နောက် ချယ်ဆီးအသင်းအတွက် ဒုတိယဂိုးရရှိ ခဲ့ပြီး ပွဲချိန် ၁၈ မိနစ်တွင် ကိုဗာဆစ်၏ ဖန်တီးမှုမှ အိုဒွိုင်းက သွင်းယူပေး ခဲ့သည်။ ယနေ့ပွဲစဉ်တွင် ချယ်ဆီးအသင်းသည် အဓိက တိုက်စစ်မှူး လူကာကူ၊ ဝါနာတို့ ဒဏ်ရာကြောင့် ပါဝင်လာနိုင်ခြင်းမရှိသော်လည်း ပြိုင်ဘက်အသင်းကို အကောင်းဆုံး ဖိအားပေးကစားနိုင်ခဲ့သည်။



ချယ်ဆီးကစားသမားများ အောင်ပွဲခံနေစဉ်။

ယခုနှစ်ရာသီတွင် ပထမဆုံးပရီမီယာလိဂ်နိုင်ပွဲရရှိရန် အကောင်းဆုံး ကြိုးစားလာခဲ့သော နော့ဝှစ်ချ်အသင်းအနေဖြင့် ချယ်ဆီးအသင်းဘက်သို့ ပထမပိုင်းတွင် ဂိုးကန်သွင်းခွင့် တစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့သည်။ ချယ်ဆီးအသင်းအတွက် တတိယဂိုးကို ပွဲချိန် ၄၂ မိနစ်တွင် မောင့်၏ ဖန်တီးမှုမှ ဂျိမ်းစ်က သွင်းယူပေးခဲ့သည့်အတွက် ပထမပိုင်းကို သုံးဂိုး-ဂိုးမရှိဖြင့် နော့ဝှစ်ချ်အသင်းကို ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း အိမ်ရှင်ချယ်ဆီးအသင်းကသာ ပွဲကိုထိန်း ချုပ်ကစားနိုင်ခဲ့ပြီး သွင်းဂိုးများရရှိခဲ့သည်။ ချယ်ဆီးအသင်းအတွက် စတုတ္ထဂိုးကို ပွဲချိန် ၅၇ မိနစ်တွင် ဘင်ချီဝဲလ်က သွင်းယူပေးသည်။ ထို့နောက် ပွဲချိန် ၆၂ မိနစ်တွင် နော့ဝှစ်ချ်အသင်းမှ မက်စ်အာရွန်က ကိုယ့်ဂိုးကိုယ်သွင်းယူမိသလို ဖြစ်ခဲ့၍ ချယ်ဆီးအသင်း ပဉ္စမဂိုး ရရှိခဲ့ သည်။ ပွဲချိန် ၆၅ မိနစ်တွင် နော့ဝှစ်ချ်အသင်းမှ ဂစ်ဘ်ဆင် ကစားပုံ ကြမ်းတမ်းခဲ့သည့်အတွက် နှစ်ဝါ တစ်နီဖြင့် အနီကတ်ပြ ထုတ်ပယ်ခံ ရသည်။ ပွဲချိန် ၈၅ မိနစ်တွင် ချယ်ဆီးအသင်းအတွက် ခြောက်ဂိုးမြောက် ကို ပယ်နယ်တီမှတစ်ဆင့် မောင့်က သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် ပွဲချိန်ပြည့်ခါနီးတွင် ချယ်ဆီးအသင်းအတွက် ခုနစ်ဂိုးမြောက်သွင်းဂိုးကို လော့ဖ်တပ်ချိစ်၏ ဖန်တီးမှုမှ မောင့်က သွင်းယူနိုင်ခဲ့သောကြောင့် ခုနစ်ဂိုး-ဂိုးမရှိဖြင့် နော့ဝှစ်ချ်အသင်းကို အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲစဉ်တွင် ဂိုးပြတ်အနိုင်ရရှိခဲ့သော ချယ်ဆီးအသင်းသည် ပွဲစဉ် (၉) အပြီးတွင် ရမှတ် ၂၂ မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက် ဦးဆောင်နိုင်ခဲ့သည်။ ပြိုင်ဘက် နော့ဝှစ်ချ်အသင်းက ရမှတ် နှစ်မှတ် ဖြင့် အမှတ်ပေးဇယားအောက်ဆုံးတွင်သာ ဆက်လက်ရပ်တည် နေသည်။

အောက်တိုဘာ ၂၃ ရက် နံနက်အစောပွဲစဉ်တွင် အာဆင်နယ်အသင်း က အက်စ်တွန်ဗီလာအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အခြားပွဲစဉ်ရလဒ်များအဖြစ် ပဲလေ့စ်နှင့် နယူးကာဆယ် တစ်ဂိုးစီ သရေ၊ လိဒ်စ်နှင့် ဝုဖ် တစ်ဂိုးစီသရေ၊ ဆောက်သမ်တန်နှင့် ဘန်လေ တို့ပွဲမှာလည်း နှစ်ဂိုးစီ သရေဖြစ်ခဲ့သည်။ ဝက်ဖို့ဒ်က အဲဗာတန်ကို အဝေးကွင်း၌ ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရသည်။

**အောင်ဇော်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၁၀-၂၀၂၁ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရှုဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ကိုဗစ်ပိုးကိုတိုက်ထုတ်ဖို့ ကာကွယ်ဆေးထိုးကြစို့
**၀၉:၁၀** တရုတ်ကာတွန်း '**ပိုးကောင်ကြီး ဥယျာဉ်စွန့်စားခန်း**' (အပိုင်း-၃၇)
**၁၀:၁၅** '**မြူးမြူးကြွကြွ** MRTV **ည**' ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
**၁၁:၄၅** အသိပညာနှင့်အမှန်တရား '**ငဒါလာနှင့်ငွေကြေးဈေးကွက်**' (အပိုင်း-၂)
**၁၃:၃၀** MRTV National News
**၁၄:၀၀** မြန်မာဂန္တဝင်ရုပ်ရှင် '**ချစ်ခြင်းဆိုသည်ဘာလဲကွယ်**' (နေအောင်၊ တင်တင်ညို)
**၁၆:၁၅** မျှဝေအသိပေးကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး
**၁၇:၂၅** ရာဇဝင်ထဲက သမိုင်းအနုပညာ
**၁၇:၄၅** ကမ္ဘာ့ရတနာ ကမ္ဘာ့ကုလသမဂ္ဂ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၁၅** သုတဝေဖြာ သီရိဂေဟာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**အမှန်တရားရဲ့လျှို့ဝှက်ချက်**' (အပိုင်း-၃၁)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၀:၅၀** မြန်မာ့ရုပ်ရှင်ဝက်ပြအစီအစဉ် '**မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်**' (ရွှေရတုကာလ) (အပိုင်း-၄)
**၂၁:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**နှလုံးသားခေါ်သောင်ရာ**' (အပိုင်း-၈၀)

ဘောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** News
**07:25** Global Partnership for Brighter Future: Demark Pavilion at Expo 2020 Dubai
**07:30** School For the Blind (Kyee Myin Dine)
**07:55** Green Grocer
**08:01** Dances of Myanmar: Mon Farmer Choral Dance
**08:10** Life of A Farmer
**08:36** Today Myanmar: The Handicraft Businesses in Myinkaba Village
**08:46** Products of Myanmar - Myanmar Circular Stone Slab
**09:01** Myanmar Traditional Instruments (MYANMA DRUM)
**09:27** Mahar Thakya Atula Man Aung - Nga Htat Kyee
**09:43** Handmade Artisan Ye`Linn Oo
**10:27** Yin Net Tribe
**11:13** Dragon Boats And Traditional Customs In Tanintharyi

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)** ကယားဒေသမှာ အင်ဥရှာထွက်မယ်
**ဝကကကရင် (၀၈:၀၀ မှ ၀၉:၀၀)** သင်ယူလေ့လာတို့ရဲ့စာ (အပိုင်း-၉)
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)** ထီလာပုဂံ
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)** ရာသီပန်းကလေး ပွင့်လန်းလို့မွှေး
**ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)** ဇီးဖြူသီးနှင့် ကျန်းမာရေး
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)** စံထားထိုက်တဲ့သူမ
**မွန် (၁၃:၀၀ မှ ၁၅:၀၀)** ကြက်ဟင်းခါးသီးအစွမ်း
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)** ပွိုင့်ကမ်းခြေသို့ အလည်သွားကြမယ်
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)** မုန့်ညှင်းစောတစ်ခွက်နဲ့ ခံတွင်းမြိန်
**ဝ (၁၉:၀၀ မှ ၂၁:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၄)
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)** ဝိုင်ဝါးရိုးရာ ဝတ်စားဆင်ယင်ပုံ

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၂)
**၁၁:၀၀** ဥပဒေရေးရာအပြာဖြာဇာတ်လမ်းတို '**တံစိုးလက်ဆောင်ရယူခြင်း**'
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၂)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ညနေ (၆:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၃-၁၀-၂၀၂၁) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Supportive | | | | |
| 1 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 2 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 3 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 4 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 5 | PO – Azithromycin 500 mg | 5x3's | 4000 | Ramma-waddy |
| 6 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 7 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 8 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 9 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 10 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေး

နေပြည်တော် အောက်တိုဘာ ၂၃

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ ထိုသို့ ထုတ်ပေးရာတွင် အောက်တိုဘာ ၂၃ ရက်၌ ဆေးဝါးမျိုးစုံ ခုနစ်မျိုး ၅၆၁၈၃.၄၃ Kg၊ နယ်စပ်(မြဝတီ)တွင် ကုမ္ပဏီတစ်ခုမှ Liquid Oxygen ၁၅၃၇၇ $m^3$ တို့ကို ထုတ်ပေးခဲ့သည်။ သတင်းစဉ်



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃ - ၁၀ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၅၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၄၁၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၄၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၃၆၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၄၄၅/၁၄၈၀ ကျပ် | ၁၄၇၅/၁၅၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၄၅၅/၁၄၈၅ ကျပ် | ၁၄၉၀/၁၅၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၄၄၀/၁၄၇၀ ကျပ် | ၁၄၉၀/၁၅၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၇၀/၁၅၁၅ ကျပ် | ၁၆၀၀/၁၆၃၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၉၅ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၃၈ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၀၇၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၇၉ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၃၃ . ၅၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၁ . ၇၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၄ . ၀၇၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၃၆၀ | ၃၁၆၃၄၀၀ |
| MTSH | ၃၂၅၀ | ၃၂၅၀ | ၁၅၅ | ၅၀၅၇၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၁၅ | ၂၉၂၅၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၅၀ | ၄၆၁၂၄၂၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁၁ | ၅၅၀၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့

စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

ဗုဒ္ဓ အဆုံးအမဖြင့် အောင်မြင်ခြင်း

# အပ္ပမာဒေါစဓမ္မေသု

## ကုသိုလ်တရားကို မမေ့လျော့ခြင်းသည် မင်္ဂလာမည်၏။

ကျော်ကျော်လှိုင်

ကုသိုလ်တရားကို မမေ့လျော့ခြင်းသည် မင်္ဂလာမည်၏ဟု ဗုဒ္ဓဘုရားရှင်က ဟောပါသည်။ ကောင်းမှုကို ဖြစ်စေသော အလုပ်ကို လုပ်ခြင်းသည် ကုသိုလ်တရား ဖြစ်ပါသည်။ သူတော်ကောင်းတို့ ကျင့်ကြံအားထုတ်သော တရားဟုလည်း ပြော၍ရပါသည်။ ကုသိုလ်တရားဟုဆိုလျှင် ငါးပါးသီလက စရပါမည်။ သူတစ်ပါးအသက်သတ်ခြင်းကို ရှောင်ကြဉ်ခြင်း၊ သူတစ်ပါး၏ ပစ္စည်းဥစ္စာခိုးယူခြင်းကို ရှောင်ကြဉ်ခြင်း၊ သူတစ်ပါး၏ သားမယားကို ပြစ်မှားခြင်းမှ ရှောင်ကြဉ်ခြင်း၊ မုသာဝါဒပြောဆိုခြင်းကို ရှောင်ကြဉ်ခြင်း၊ အရက်သေစာ မူးယစ်သောက်စားခြင်းကို ရှောင်ကြဉ်ရခြင်းတို့သည် ဗုဒ္ဓဘာသာဝင်တိုင်း လိုက်နာကျင့်သုံးသင့်သည့် သူတော်ကောင်းတရားများ ဖြစ်ပါသည်။ ကိုယ်ချင်းစာတရားထားခြင်း၊ သည်းခံခွင့်လွှတ်ခြင်းတို့သည်လည်း သူတော်ကောင်းတရားများဖြစ်ပါသည်။ နှလုံးသားသတ္တိကောင်းသူများသာ သည်းခံခွင့်လွှတ်နိုင်ပါသည်။ မိမိမာနကို ချိုးနှိမ်နိုင်သူကသာ သည်းခံခွင့်လွှတ်နိုင်ပါသည်။

> ❀ **ကုသိုလ်တရားများကို မမေ့မလျော့ဘဲ အစဉ်ပြုလုပ်နေသူကို သူတော်ကောင်းဟု ဆိုရပါမည်။ လူ့ရှေ့တွင် ကုသိုလ်တရားများကို စောင့်ထိန်းသော်လည်း ဆိတ်ကွယ်ရာတွင် ဖောက်ဖျက်သူများလည်း ရှိပါသည်။ ထိုနည်းတူ အစစအရာရာ အဆင်ပြေနေချိန်တွင် ကုသိုလ်တရားများကို စောင့်ထိန်းနိုင်သော်လည်း အခက်အခဲနှင့် ကြုံတွေ့ရသည့်အခါ သို့မဟုတ် ကျဉ်းထဲကျပ်ထဲ ရောက်သည့်အခါ ကုသိုလ်တရားများကို ဖောက်ဖျက်၍ အကုသိုလ်တရားများကို ကြံစည်လုပ်ဆောင်သူများလည်း ရှိပါသည်**

သူတော်ကောင်းတရား လက်ကိုင်ထားသူသည် ဟီရိဩတပ္ပတရား နှစ်ပါးနှင့် ဗြဟ္မစိုရ်တရား လေးပါးကိုလည်း စောင့်ထိန်းရပါမည်။ မကောင်းမှုပြုလုပ်ရမှာကို ရှက်ခြင်းနှင့် မကောင်းမှု ပြုလုပ်ရမှာကို ကြောက်ခြင်းသည် ဟီရိဩတပ္ပတရား နှစ်ပါး ဖြစ်ပါသည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာသည် ဗြဟ္မစိုရ်တရား လေးပါးဖြစ်ပါသည်။ ဗြဟ္မစိုရ်တရားအရ လူအများအပေါ် ချစ်ခြင်းမေတ္တာထားရပါမည်။ မိမိထက်နိမ့်ကျသူ၊ မိမိထက်ချို့တဲ့သူများအပေါ် ကရုဏာထားရပါမည်။ မိမိထက် ချမ်းသာသူ၊ အောင်မြင်သူများအပေါ် မနာလိုဝန်တိုစိတ် အလျှင်းမရှိဘဲ မုဒိတာပွားနိုင်ရပါမည်။ မိမိနှင့် ရင်းနှီးသူ တစ်ဦးတစ်ယောက် ဘဝတစ်ပါးကို ကူးပြောင်းသွားသည့်အခါ အချိန်ပြည့် ပူဆွေးမနေဘဲ သတ္တဝါတစ်ခု ကံတစ်ခုဟု နှလုံးသွင်းကာ ဥပေက္ခာပြုနိုင်ရပါမည်။

ယခုခေတ်နှင့်ညီသော သူတော်ကောင်းတရား ကုသိုလ်တရား သုံးပါးကိုလည်း စောင့်ထိန်းရန်လိုပါသည်။

### ပထမတရားမှာ

စီးပွားရှာသည့်အခါ တရားသောနည်းဖြင့် စီးပွားရှာရန် ဖြစ်ပါသည်။ တစ်ဖက်သားကို ထိခိုက်ပျက်စီးစေသည့်နည်းဖြင့် စီးပွားမရှာသင့်ပါ။ အရောင်လှစေရန် ငရုတ်သီးမှုန့်ကို ဆိုးဆေးများဆိုး၍ မရောင်းသင့်ပါ။ ဆိုးဆေးများသည် လူကို အန္တရာယ်ဖြစ်စေပါသည်။ ဆေးများကို အတုပြုလုပ်ရောင်းချခြင်းသည် လူအများကို ထိခိုက်စေမည်ဖြစ်ပါသည်။

### ဒုတိယတရားမှာ

အများအကျိုးကို ဆောင်ရွက်ရန်ဖြစ်ပါသည်။ အများကို အကျိုးပြုစေမည့် ဆောင်ရွက်ချက်များသည် ကုသိုလ်တရားများဖြစ်ပါသည်။

### တတိယတရားမှာ

သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးအောင်လုပ်သည့်အခါ ဂေဟာစနစ်ကို ထိခိုက်စေသည့်အတွက် လူနှင့် သတ္တဝါများစွာ၏ အသက်ကို အန္တရာယ်ပေးပါသည်။ အကုသိုလ်များစွာ ဖြစ်စေပါသည်။

ကုသိုလ်တရားများကို မမေ့မလျော့ဘဲ အစဉ်ပြုလုပ်နေသူကို သူတော်ကောင်းဟု ဆိုရပါမည်။ လူ့ရှေ့တွင် ကုသိုလ်တရားများကို စောင့်ထိန်းသော်လည်း ဆိတ်ကွယ်ရာတွင် ဖောက်ဖျက်သူများလည်း ရှိပါသည်။ ထိုနည်းတူ အစစအရာရာ အဆင်ပြေနေချိန်တွင် ကုသိုလ်တရားများကို စောင့်ထိန်းနိုင်သော်လည်း အခက်အခဲနှင့် ကြုံတွေ့ရသည့်အခါ သို့မဟုတ် ကျဉ်းထဲကျပ်ထဲ ရောက်သည့်အခါ ကုသိုလ်တရားများကို ဖောက်ဖျက်၍ အကုသိုလ်တရားများကို ကြံစည်လုပ်ဆောင်သူများလည်း ရှိပါသည်။ ထို့ကြောင့် သူတော်ကောင်းအစစ်၏ အရည်အသွေးကို

**နီတိကျမ်းများက –**

“စန္ဒကူးပင်သည် သွေ့ခြောက်သွားသည့်တိုင် မွှေးရနံ့ကို မစွန့်သကဲ့သို့၊ ဆင်ပြောင်ကြီးသည် စစ်မြေပြင်ကို ရောက်သော်လည်း ခံ့ထည်တင့်တယ်ခြင်းကို မစွန့်သကဲ့သို့၊ ကြံသည် ကြိတ်စက်ကို ရောက်သော်လည်းပဲ ချိုသည့်အရသာကို မစွန့်သကဲ့သို့၊ ပညာရှိသူတော်ကောင်းများသည်လည်း ဘေးဒုက္ခဆင်းရဲတောကို ကျရောက်ငြားသော်လည်း သူတော်ကောင်းတရားကို မစွန့်” ဟု ဆိုပါသည်။ ပညာရှိသူတော်ကောင်းများသည် မည်သည့် အခြေအနေနှင့် ကြုံရသည်ဖြစ်စေ အသက်ပေး၍ သူတော်ကောင်းတရားကို စောင့်ထိန်းသည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ ထိုနည်းတူ “ခြင်္သေ့တို့မည်သည် ငတ်မွတ်ဆာလောင်သော်လည်း မြက်သစ်ရွက်ကို မစားသကဲ့သို့၊ ပညာရှိသူတော်ကောင်းတို့သည်လည်း ဆင်းရဲဒုက္ခကို ကြုံရသော်လည်း မကောင်းမှုဒုစရိုက်ကို လက်မခံ” ဟု နီတိကျမ်းများက ဆိုပါသည်။

သူတော်ကောင်းများသည် မည်မျှဆင်းရဲဒုက္ခနှင့် ကြုံရသည်ဖြစ်စေ အကျင့်သီလကို စောင့်ထိန်းကြပါသည်။ ဆရာကြီး ဦးသုခ ရိုက်ကူးသော “ရဟန်းတို့ မစားအပ်သည့် ဆွမ်းတစ်နပ်” ရုပ်ရှင်ကားတွင် ကြိုးကြာငှက်က ပတ္တမြားကို မျိုလိုက်သည်ကို ဆွမ်းခံကြွသည့်ရဟန်းက မြင်လိုက်ပါသည်။ အိမ်ရှင်က ပတ္တမြားကို ရဟန်းခိုးယူသည်ထင်၍ ရဟန်းကို ရိုက်နှက်စစ်မေးပါသည်။ ရဟန်းက ကြိုးကြာမျိုချသည်ကို ပြောလိုက်လျှင် ကြိုးကြာငှက် အသတ်ခံရမည်စိုး၍ သေလုနီးပါး အရိုက်ခံရသော်လည်း နှုတ်ဆိတ်နေပါသည်။ အလွန်ကောင်းသော ဆရာကြီး ဦးသုခ၏ လက်ရာဖြစ်ပါသည်။ ဤဇာတ်ကားကို ကြည့်သည့်အခါ သူတော်ကောင်းများသည် အသက်ဘေးနှင့် ရင်ဆိုင်နေရသည့်တိုင် သူတော်ကောင်းတရားကို မစွန့်သည့် စိတ်ဓာတ်ကို တွေ့မြင်သိရသည့်အတွက် အကြိမ်ကြိမ် သာဓုခေါ်မိပါသည်။

ကုသိုလ်တရားကို မမေ့လျော့ဘဲ ငါးပါးသီလကို ဆောက်တည်သည့်အတွက် အကျိုးများရသည့်အကြောင်းကို ဗုဒ္ဓဘုရားရှင်က ဂရုဓမ္မဇာတ်တော်တွင် ဟောခဲ့ပါသည်။

### ဂရုဓမ္မဇာတ်တော်

ကုရုပတိုင်းပြည်၌ **“ဓနဥ္စယကောရဗျ”** မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ထိုမင်း၏သားဖြစ်၍ ခမည်းတော် ကွယ်လွန်သောအခါ မင်းအဖြစ်ကို ရရှိလေသည်။ ထိုမင်းသည် မင်းကျင့်တရား ဆယ်ပါးနှင့်အညီ တိုင်းပြည်ကိုအုပ်ချုပ်၍ “ကုရုဓမ္မ”(ပဉ္စသီလ) နှင့်လည်း ပြည့်စုံသည်။ ထိုမင်းကဲ့သို့ပင် မယ်တော်မိဖုရားကြီး၊ ညီတော်အိမ်ရှေ့မင်း၊ ပုရောဟိတ်အမတ်၊ မြေတိုင်းအမတ်၊ ရထားထိန်း သေဌေး၊ တင်းခြင်အမတ်၊ တံခါးမှူး၊ ပြည့်တန်ဆာမတို့သည်လည်း ပဉ္စသီလနှင့်ပြည့်စုံကြလေသည်။ မင်းကြီးလည်း အလှူပေးမှု၌လည်း ရက်ရောသူဖြစ်၍ မြို့တံခါးလေးမျက်နှာ၊ မြို့လယ်၊ နန်းတော်တံခါး ဤခြောက်နေရာတို့၌ မဏ္ဍပ်ကြီးများ ဆောက်လုပ်၍ နေ့စဉ် အသပြာငွေ ခြောက်သိန်းဖိုးစီ ပေးလှူလေ့ရှိသည်။

ထိုအချိန်က ကာလိင်္ဂတိုင်း ဒန္တပူရပြည်၌ မိုးခေါင်ခြင်းကြောင့် ကာလိင်္ဂမင်းသည် ရှေးထုံးစံလာအတိုင်း မိုးရွာစေရန် အလှူပေး၊ သီလဆောက်တည်၍ အသရေရှိသော တိုက်ခန်းတို့၌ မြေစာမြက်ကို ခင်း၍အိပ်ခြင်း စသည်ကိုပြုသော်လည်း မိုးမရွာသဖြင့် အမတ်တို့က “မြတ်သောမင်းကြီး ကုရုပတိုင်းဣန္ဒပတ္တနဂိုရ်မြို့မှ ‘ဓနဥ္စယကောရဗျ’မင်းတွင် ‘အဉ္စနဝဏ’ မည်သော မင်္ဂလာဆင်ရှိသည်။ ထိုဆင်ကို ဆောင်ယူရရှိခဲ့သည်ရှိသော် မိုးရွာပါလိမ့်မည်” ဟု လျှောက်တင်ကြရာ ပုဏ္ဏားရှစ်ယောက်တို့အား ‘ဓနဥ္စယကောရဗျ’ မင်းထံ မင်္ဂလာဆင်တော်ကို အလှူခံရန် စေလွှတ်လိုက်သည်။ ကောရဗျမင်းကလည်း ဆင်တော်ကို လှူလိုက်သည်။ ထိုသို့ပြုလုပ်သည့်တိုင် မိုးက မရွာသေး။

ကာလိင်္ဂမင်းသည် ကောရဗျမင်း၏ ‘ကုရုဓမ္မ’ တရား၌သာ တည်ခြင်းကြောင့် ထိုမင်း၏ နိုင်ငံ၌ တစ်လခွဲတစ်ကြိမ်၊ ဆယ်ရက်တစ်ကြိမ် မိုးရွာသွန်းကြောင်းကို သိသဖြင့် မင်္ဂလာဆင်တော်ကို ပြန်ပို့စေကာ ကုရုဓမ္မတရားများကို ရွှေပြား၌ ရေးကူးယူလာခဲ့ကြရန် အမတ်ကြီးနှင့် ပုဏ္ဏားတို့အား စေလွှတ်လိုက်ပြန်သည်။

### ဓနဥ္စယကောရဗျမင်း

အမတ်များသည် ‘ဓနဥ္စယကောရဗျ’ မင်းထံ ရောက်သွားကြသောအခါ “အမောင်တို့၊ ငါသည် ကုရုဓမ္မကို စောင့်ထိန်းသည်ကား မှန်၏။ သို့ရာတွင် စိတ္တရာဇမည်သော နတ်မင်းကို ပူဇော်ခဲ့စဉ်က အရပ်လေးမျက်နှာသို့ မြားလေးစင်းကို ပစ်လွှတ်ခဲ့သည်။ ထိုအခါက တစ်စင်းသော မြားသည် ရေကန်တစ်ခုထဲသို့ ကျသွားခဲ့ရာ ထိုမြားကြောင့် ငါးတစ်ကောင်သည် သေဆုံးခဲ့ရလေသလောဟု ကုက္ကုစ္စ သံသယဖြစ်နေမိသည်။ ထို့ကြောင့် ငါသည် မိမိ၏သီလကို အားမရ၊ မယ်တော်သည်ကား ကောင်းစွာစောင့်၏။ မယ်တော်၏ထံမှသာ ယူကြပါလော့” ဟု ကောရဗျမင်းက ဆိုသည်။

ထိုအခါ အမတ်များနှင့် ပုဏ္ဏားတို့က “အရှင်မင်းကြီးတွင် သေစေလိုသော စိတ်စေတနာ မရှိ၍ သီလမပျက်ပါ၊ ကုရုဓမ္မတရားကိုသာ ပေးတော်မူပါလော့” ဟု လျှောက်သဖြင့် ‘ဓနဥ္စယကောရဗျ’ မင်းက “သတ္တဝါကို မသတ်အပ်၊ ပိုင်ရှင်မပေးသော ဥစ္စာကို မခိုးယူအပ်၊ ကာမတို့၌ မှားသောအကျင့်ကို မကျင့်အပ်၊ မမှန်ကန်သောစကားကို မပြောအပ်၊ သေအရက်တို့ကို မသောက်အပ်” ဟူသော တရားငါးပါးတို့ကို ရွှေပြားပေါ်၌ ရေးစေကာ မယ်တော်ထံသို့ သွားကြရန် စေလွှတ်လိုက်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

ဗုဒ္ဓအဆုံးအမဖြင့် အောင်မြင်ခြင်းစာအုပ်ပါ အကြောင်းအရာများသည် မင်္ဂလာတရားတော် ၃၈ ပါးအနက်မှ ၃၁ ပါးကို ခေတ်အမြင်ဖြင့် စာရေးသူက တစ်ပါးချင်းလေ့လာပြီး ဘဝအတွေ့အကြုံများပါပေါင်းစပ်ရေးသားထားခြင်း ဖြစ်ပါသည်။ စာဖတ်သူပရိသတ်များအနေဖြင့် မင်္ဂလာတရားတော်နှင့်အညီ လောကီအကျိုး၊ လောကုတ္တရာအကျိုးများ ရရှိဆင်ခြင်နိုင်စေရန် စေတနာမွန်ဖြင့် ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

**စာတည်းအဖွဲ့**

# မင်းဘူး (စကု) မြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူပေါင်း ငါးသောင်းကျော်ရှိ



မင်းဘူး အောက်တိုဘာ ၂၃

**မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ဆေးထိုးနှံပြီးသူ ၅၀၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီမှ သိရသည်။**

မြို့နယ်အတွင်းမှ အသက် ၁၈ နှစ်နှင့်အထက် ကိုဗစ်ကာကွယ်ဆေး Phase-2 ပထမအကြိမ် ထိုးနှံပြီးသူများအား ဒုတိယအကြိမ်အဖြစ် Sinopharm အမျိုးအစားကာကွယ်ဆေးများကို မင်းဘူး ဦးသြဘာသ မြို့နယ်ခန်းမနှင့် စကု(အ.ထ.က) ကျောင်းတို့တွင် အောက်တိုဘာ ၁၇ ရက်မှ စတင်ထိုးပေးရာ အောက်တိုဘာ ၂၂ ရက်အထိ ၅၂၆၉ ဦး လာရောက်ထိုးနှံကြောင်း၊ ဒုတိယအကြိမ် ဆေးထိုးရန် ကျန်ရှိသူများကိုလည်း သတ်မှတ်ထားသော ဆေးထိုးစုရပ်နှင့် ရက်စွဲများအတိုင်း ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

မင်းဘူး(စကု)မြို့နယ်အတွင်း ကိုဗစ်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ အသက် ၁၈ နှစ်နှင့် အထက် ကိုဗစ်ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးစီးသူ ၅၀၉၆၉ ဦး ရှိပြီဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်ထံမှ သိရသည်။

**မောင်မောင်(မင်းဘူး)**

## သထုံမြို့ အနှိုင်းမဲ့မေတ္တာအသင်း၏ အောက်ဆီဂျင်စက်ရုံ စမ်းသပ်လည်ပတ်

**သထုံ အောက်တိုဘာ ၂၃**

မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ မြို့နယ်များအတွင်း အရေးပေါ် အောက်ဆီဂျင်ရရှိရေး အထောက်အကူပြုနိုင်ရန်အတွက် သထုံမြို့ရှိ အနှိုင်းမဲ့မေတ္တာ သွေးနှင့် အောက်ဆီဂျင် အခမဲ့ကူညီရေးအသင်းက အများပြည်သူ ထည့်ဝင်လှူဒါန်းမှုဖြင့် တည်ဆောက်ထားသည့် အောက်ဆီဂျင်စက်ရုံသစ်မှာ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်၍ စမ်းသပ်လည်ပတ်လျက်ရှိသည်။

အဆိုပါ အောက်ဆီဂျင်စက်ရုံမှာ အနှိုင်းမဲ့မေတ္တာ သွေးနှင့် အောက်ဆီဂျင် အခမဲ့ကူညီရေးအသင်း၏ ဒုတိယမြောက်စက်ရုံဖြစ်ပြီး ၂၄ နာရီ စက်စွမ်းအားပြည့် လည်ပတ်ပါက လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၃၂၀ ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်းနှင့် အရေးပေါ်အောက်ဆီဂျင် လိုအပ်သူ မည်သူကိုမဆို အခမဲ့ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

အနှိုင်းမဲ့မေတ္တာ သွေးနှင့် အောက်ဆီဂျင် အခမဲ့ ကူညီရေးအသင်းတွင် ယခင်က တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးပေါင်း ၃၀ ခန့် ထွက်ရှိသည့် အောက်ဆီဂျင်စက်ရုံဟောင်းရှိပြီး ယင်းစက်ရုံမှ နေ့စဉ် အောက်ဆီဂျင်ထုတ်လုပ်ဖြန့်ဝေပေးနေသော်လည်း ကိုဗစ်-၁၉ ကာလတွင် လိုအပ်မှုပမာဏ ပိုမိုများပြားလာ၍ ယခု စက်ရုံအသစ်ကို ထပ်မံတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး သထုံခရိုင်အတွင်းရှိ လူမှုကူညီရေးအသင်းများ၊ ပြည်သူ့ဆေးရုံများ၊ အနီးဝန်းကျင်ဒေသများရှိ ပြည်သူ့ဆေးရုံများ၊ ရပ်ရွာအတွင်းရှိ ပရဟိတအဖွဲ့များနှင့် အောက်ဆီဂျင်လိုအပ်သူများထံသို့ အခမဲ့ ဖြန့်ဝေပေးမည် ဖြစ်ကြောင်း အသင်းတာဝန်ရှိသူများထံမှ သိရသည်။

**ကိုကိုဦး(ပြန်/ဆက်)**





## ရပ်စောက်မြို့နယ်အတွင်း ပြည်သူများအား ကိုဗစ်-၁၉ အခမဲ့စစ်ဆေး

**ရပ်စောက် အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ် ဗထူးကျန်းမာရေးစစ်ဆေးရေးဂိတ်တွင် ဖြတ်သန်းသွားလာကြမည့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရခြင်း ရှိ/မရှိ RDT Test Kit ဖြင့် အခမဲ့ စစ်ဆေးပေးခြင်းကို အောက်တိုဘာ ၂၂ ရက်က ဆောင်ရွက်သည်။

မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် စေတနာ့ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ကြပြီး ကျန်းမာရေးစစ်ဆေးရေးဂိတ်တွင် ဖြတ်သန်းသွားလာကြသည့် ပြည်သူ ၅၀၀ အား စစ်ဆေးပေးခဲ့ရာ ၁၈ ဦးတွင် ကိုဗစ်-၁၉ ရောဂါ တွေ့ရှိရ၍ ယင်းပိုးတွေ့လူနာများအား တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာသို့ ပို့ဆောင်ကုသပေးထားကြောင်း သိရသည်။

ရပ်စောက် မြို့နယ်တွင် အောက်တိုဘာ ၂၂ ရက်အထိ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ အတည်ပြုလူနာစုစုပေါင်း ၂၈၃၃ ဦးရှိပြီး ပိုးကင်းစင်၍ ပြန်လည်ကျန်းမာလာသူ ၂၃၉၂ ဦး၊ ဆေးကုသမှုခံယူနေဆဲ ၃၈၈ ဦးနှင့် သေဆုံးလူနာ ၅၃ ဦး ရှိကြောင်း မြို့နယ်ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ သိရသည်။

**ရဲထက်ဦး(ပြန်/ဆက်)**




ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန

**မိဘများ ကြိုတင်ဆောင်ရွက်ရမည့်**
**သင်ကြားသင်ယူရေးနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်**

၁။ မိမိတို့၏သား၊သမီးများ ပညာသင်ယူမှု အခွင့်အလမ်းရရှိစေရေးအတွက် ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကျောင်းသို့ မပျက်မကွက် (မပျက်မကွက်) စေလွှတ်ရန်၊

၂။ မိမိတို့၏သား၊ သမီးများကို ကျောင်းမှချမှတ်ထားသည့် စည်းကမ်းများနှင့် လိုက်လျောညီထွေစွာ ပြောဆိုပြုမူကျင့်ကြံနေထိုင်တတ်စေရေး လေ့ကျင့်ပေးရန်၊

၃။ သင်ကြားသင်ယူမှုလုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် ဆရာ၊ မိဘနှင့် ကျောင်းသားများပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊

၄။ ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးနှင့် ကျောင်းဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးတို့တွင် ကူညီပံ့ပိုးဆောင်ရွက်ရန်၊

၅။ လိုအပ်ချက်များရှိပါက ကျောင်းအုပ်ကြီး၊ ဆရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

# တောင်ကြီးမြို့၌ ဖူဆယ်ဘောလုံးနည်းပြဆရာ သင်တန်းဖွင့်

**တောင်ကြီး အောက်တိုဘာ ၂၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အာရှဘောလုံး အဖွဲ့ချုပ်နှင့် ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ၂၀၂၁ ခုနှစ်အတွက် AFC Futsal Level 1 Coaching Certificate Course (ဖူဆယ်နည်းပြဆရာ သင်တန်း) ကို အောက်တိုဘာ ၂၃ ရက်က တောင်ကြီးမြို့ရှိ ပြည်နယ်လေ့ကျင့်ရေး အားကစားရုံ၌ ဖွင့်လှစ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း တက်ရောက်အားပေးသည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို လူမှုရေးဦးတည်ချက်ထားရှိ ဖော်ဆောင်လျက်ရှိပြီး ကျန်းမာကြံ့ခိုင်ရေးအတွက်လည်း အားကစားကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်ကြိုးပမ်းနေကြောင်း၊ ယနေ့ဖွင့်လှစ်သည့် သင်တန်းကို အာရှဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းပြီး အောက်တိုဘာ ၂၃ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကာ ရှမ်းပြည်နယ်တွင် ပထမဆုံးအကြိမ်ဖွင့်လှစ်သည့် သင်တန်းဖြစ်ကြောင်းနှင့် အာရှဘောလုံးအဖွဲ့ချုပ်မှ နိုင်ငံခြားနည်းပြဆရာကိုယ်တိုင် လာရောက်သင်ကြားသောသင်တန်းဖြစ်၍ ကြိုးစားသင်ယူကြပြီး ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ သင်တန်းကို ပြီးဆုံးသည်အထိ တက်ရောက်ကြရန် ပြောကြားသည်။

သင်တန်းတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သင်တန်းသားများ အပါအဝင် ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ/ခရိုင်နှင့် မြို့နယ်များမှ သင်တန်းသား ၁၂ ဦး၊ သင်တန်းသူ ရှစ်ဦး တက်ရောက်ကြပြီး နိုင်ငံတကာအသိအမှတ်ပြုလိုင်စင်ရ ဖူဆယ်နည်းပြဆရာများ ပေါ်ထွက်လာစေရန်နှင့် ပြောင်းလဲလာသည့် ဖူဆယ်နည်းဥပဒေသစ်များကို ခေတ်နှင့်အညီ သိရှိနားလည်စေရန်အတွက် ထိုင်းနိုင်ငံမှ နည်းပြဆရာက သင်တန်းလာရောက်ပို့ချခြင်းဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**



ဖူဆယ်နည်းပြသင်တန်း တက်ရောက်သည့် သင်တန်းသားများ။




## တရုတ်နိုင်ငံက မြန်မာအလုပ်သမားများအား တာဝန်ရှိသူများထံ ပြန်လည်လွှဲပြောင်း

**ချင်းရွှေဟော် အောက်တိုဘာ ၂၃**

မြန်မာနိုင်ငံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်လွှဲပြောင်းပေးရန် အကြောင်းကြားထားသည့် ကွမ်းတုန်ပြည်နယ်အတွင်း အကျဉ်းထောင်များတွင် ပြစ်ဒဏ်ကျခံခဲ့ရသော မြန်မာနိုင်ငံသား အမျိုးသား ၆၅ ဦး၊ အမျိုးသမီး ၂၉ ဦး စုစုပေါင်း ၉၄ ဦးတို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နယ်ခြားစောင့်လူဝင်မှုစစ်ဆေးရေးဌာနမှ တာဝန်ရှိသူများက ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နယ်စပ်စစ်ဆေးရေးဂိတ်တွင် ယမန်နေ့က လာရောက်လွှဲပြောင်းပေးသည်။

ရွှေ့ပြောင်းလုပ်သားများအား နယ်မြေခံတပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီးထွန်းမင်းခိုင်နှင့် မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်တို့ ဦးဆောင်သော ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က လက်ခံခဲ့သည်။ အဆိုပါ ရွှေ့ပြောင်းလုပ်သားများသည် ချင်းရွှေဟော်၊ မူဆယ်နှင့် လွယ်ဂျယ်၊ နမ့်တစ်မြို့များရှိ နယ်စပ်ဂိတ်မှ BP ဖြင့်လည်းကောင်း၊ တရားမဝင်တောလမ်းမှလည်းကောင်း တရုတ်နိုင်ငံသို့ သွားရောက်ခဲ့ကြပြီး တရုတ်နိုင်ငံအတွင်းရှိမြို့များတွင် စိုက်ပျိုးရေးလုပ်ငန်း၊ စက်ရုံလုပ်ငန်း၊ အိမ်အကူလုပ်ငန်း၊ ပန်းရန်လုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိရာမှ နယ်မြေကျော်ဝင်ရောက်မှုဖြင့် ဖမ်းဆီးခံရပြီး ပြစ်ဒဏ်ကျခံပြီး၍ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးသူများဖြစ်သည်။

မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် အဆိုပါ အလုပ်သမားများအား ချင်းရွှေဟော်ပြည်သူ့ဆေးရုံ တာဝန်ခံဆရာဝန် ဒေါက်တာသီဟနှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးပေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါလက္ခဏာများ မတွေ့ရှိရသော်လည်း တရုတ်နိုင်ငံမှ ပြန်လာသူများဖြစ်၍ မြို့နယ် ကိုဗစ်-၁၉ ကော်မတီ၏ စောင့်ကြည့်စစ်ဆေးမှုခံယူရန် ရပ်ကွက်(၃)ရှိ အခြေခံပညာ အထက်တန်းကျောင်း ယာယီကွာရန်တင်းစင်တာနှင့် ရပ်ကွက်(၁)ရှိ ယာယီအဆောက်အအုံများသို့ ပို့ဆောင်ထားရှိကာ သတ်မှတ်ရက်အတွင်း ကျန်းမာရေးစစ်ဆေးမှုများ ထပ်မံဆောင်ရွက်မည်ဖြစ်ပြီး ပိုးမတွေ့ကြောင်း ရလဒ်ထွက်ရှိပါက သက်ဆိုင်ရာ ဒေသအသီးသီးသို့ ပြန်လည်စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

**စည်သူမောင်မောင်**
**(ပြန်/ဆက်)**

## မိုးသည်းထန်၍ ကာမိုင်းမြို့ ပေ ၉၀၀ တံတား ချဉ်းကပ်ကားလမ်းပျက်စီး

**မိုးညွှန့် အောက်တိုဘာ ၂၃**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့၌ အထက်ဘက်မှ မိုးများ သည်းထန်စွာရွာသွန်းမှုကြောင့် အောက်တိုဘာ ၂၂ ရက်က ကာမိုင်း-လဝါးသွား ကားလမ်းမပေါ်ရှိ ပေ ၉၀၀ တံတား၏ အောက်ခြေကို နန့်ကောင်းချောင်းရေတိုက်စားပြီး တံတားချဉ်းကပ်ကားလမ်း ပျက်စီးခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၂၁ ရက်မှစ၍ တနိုင်းမြို့နယ်ဘက်ခြမ်းမှ မိုးများ သည်းထန်စွာရွာသွန်းပြီး နန့်ကောင်းချောင်းရေမြင့်တက်တိုက်စားခြင်းကြောင့် တံတားချဉ်းကပ် လမ်းထက်ဝက်ခန့် ပြတ်ကျပျက်စီးသွားခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ အန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ကြိုးတား၍ ပိတ်ဆို့ထားရှိပြီး ခရီးသွားပြည်သူများအား မိုးကောင်း-ပါဟုတ်-ကာမိုင်းလမ်းအတိုင်း သွားလာစေလျက်ရှိကြောင်း၊ တံတားချဉ်းကပ်ကားလမ်း ပျက်စီးသွားသည့်နေရာကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီလွင် ဦးဆောင်သည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကာမိုင်းမြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ချက်ချင်းသွားရောက်ကြည့်ရှုစစ်ဆေးကာ အမြန်ဆုံးပြုပြင်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရီးသွား ပြည်သူများအနေဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ပျက်စီးသွားသောချဉ်းကပ်လမ်း ပြုပြင်ရေးလုပ်ငန်းအနေဖြင့် ဖားကန့်မြို့နယ် လမ်းဦးစီးဌာနမှတာဝန်ရှိသူများ၊ မိုးကောင်းမြို့နယ် လမ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကာမိုင်းမြို့မှတာဝန်ရှိသူများ ပူးပေါင်း၍ ပျက်စီးသည့်နေရာ၌ ကျောက်တုံးများဖြည့်သွင်းကာ ယာယီသံပေါင်ဘေလီတံတား ပေ ၃၀ ခန့် အမြန်ဆောင်ရွက်ရန် လိုအပ်သော ကျောက်တုံးကျောက်ခဲများနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ သယ်ယူခြင်း လုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။



ချဉ်းကပ်လမ်းပျက်စီးသွားသည့် နေရာ၌ ကြိုးတား၍ လမ်းပိတ်ထားစဉ်။

**ဖွဲ့သူရအောင် (ပြန်/ဆက်)**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ

# မိတ္ထီလာမြို့နယ် ရတနာမဉ္ဇူတံတားကို ဒီဇင်ဘာလကုန်တွင် ပြီးစီးအောင်တည်ဆောက်မည်



**မိတ္ထီလာ အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ဆင်စလွယ် – ဥယျာဉ် ကျေးရွာချင်းဆက် လမ်းပေါ်၌ အရှည် ပေ ၁၄၀၊ အကျယ် ၁၈ ပေရှိ သံကူကွန်ကရစ်၊ သံပေါင်အမျိုးအစား ရတနာမဉ္ဇူတံတား တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မိတ္ထီလာမြို့နယ် မွေကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများနှင့် အနီးပတ်ဝန်းကျင် ကျေးရွာမှ ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် အသုံးပြုလျက်ရှိသော ရတနာမဉ္ဇူတံတားမှာ မိုးသည်းထန်စွာ ရွာသွန်းပြီး ချောင်းရေတိုက်စား၍ ကျိုးကျပျက်စီးခဲ့သဖြင့် ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် အရှည် ပေ ၁၄၀၊ အကျယ် ၁၈ ပေရှိ တံတားသစ်ကို စက်တင်ဘာ ၁ ရက်မှစတင်၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(တံတား တည်ဆောက်ရေးအဖွဲ့) နေပြည်တော်က တာဝန်ယူ တည်ဆောက်နေခြင်းဖြစ်ကာ ဒီဇင်ဘာလကုန်တွင် အပြီးတည်ဆောက်မည် ဖြစ်ကြောင်း တံတားတည် ဆောက်ရေး တာဝန်ခံထံမှ သိရသည်။

အဆိုပါ ရတနာမဉ္ဇူတံတားသည် ၂၀၁၉ ခုနှစ်က တစ်ကြိမ်ပြိုကျခဲ့၍ ရတနာမဉ္ဇူကျောင်းဆရာတော် ဦးစီးပြီး ရတနာထွန်းသီးနှံမျိုးစုံ ရောင်းဝယ်ရေးနှင့် စေတနာရှင် အလှူရှင်များစုပေါင်းကာ အရှည် ပေ ၁၈၀၊ အကျယ် ၁၂ ပေရှိ သံကူကွန်ကရစ်တံတားအဖြစ် ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ရာမှ ယခုနှစ် ဇူလိုင် ၁၅ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တံတား၏ ဘိုးပိုင်တစ်လုံးပြိုကျကာ တံတားကျိုးကျပျက်စီးခဲ့ကြောင်း၊ ယင်းတံတားသည် ကျေးရွာ ၂၂ ရွာမှ ပြည်သူများ မြို့ပေါ်သို့ဆက်သွယ်သွားလာနေရသည့် မြို့တက်လမ်းပေါ်မှ တံတားဖြစ်၍ တံတားကျိုးကျ ပျက်စီးနေချိန်တွင် ပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများစွာ ကြုံတွေ့နေရကြောင်း မွေကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်ဇောထံမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ကျောင်းကုန်းမြို့နယ် အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင်စတင်ထုတ်လုပ်

**ကျောင်းကုန်း အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ အောက်ဆီဂျင်စက်ကို ယနေ့နံနက်တွင် စတင်လည်ပတ်၍ အောက်ဆီဂျင်များ စတင်ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အောက်ဆီဂျင်ထုတ်စက်သည် တရုတ်နိုင်ငံထုတ်ဖြစ်ပြီး အောက်ဆီဂျင်စက်၏ တန်ဖိုးမှာ ငွေကျပ်သိန်း ၈၅၀ ခန့်ဖြစ်ကာ မြို့နယ်အတွင်းရှိ အများပြည်သူများ၏ စုပေါင်းလှူဒါန်းငွေဖြင့် ဝယ်ယူခြင်းဖြစ်ကြောင်း၊ တစ်နာရီလျှင် လီတာ ၄၀ အောက်ဆီဂျင်အိုး လေးလုံး ထုတ်လုပ်နိုင်မည်ဖြစ်ပြီး တစ်နေ့လျှင် လီတာ ၄၀ အိုး အလုံး ၈၀ ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း၊ အောက်ဆီဂျင်စက် ဖြစ်မြောက်ရေးအကျိုးဆောင် ဦးဇော်လွင်ဦးက ပြောသည်။



အောက်ဆီဂျင်စက် စတင်လည်ပတ်ထုတ်လုပ်မှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုကြပြီး စက်ရုံမှ အောက်ဆီဂျင်ထုတ်လုပ်နိုင်မှုကြောင့် ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ဒေါင့်ကြီးတိုက်နယ်ဆေးရုံနှင့် ဝက်ချောင်းတိုက်နယ်ဆေးရုံတို့မှ အောက်ဆီဂျင် လိုအပ်နေသော လူနာများအပြင် အခြားမြို့နယ်များမှ လူနာများ အတွက်ပါ တစ်ဖက်တစ်လမ်းမှ ကူညီပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ ဓာတ်အားလိုင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**ပွင့်ဖြူ အောက်တိုဘာ ၂၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ မိုးတွင်းကာလ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်နှင့် ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးထားသော ဖီဒါ(၃) ရောက်တောကျေးရွာ ဓာတ်အားလိုင်းတစ်လျှောက်တွင် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးမှ တာဝန်ရှိသူများက အောက်တိုဘာ ၂၃ ရက်က ကွင်းဆင်းစစ်ဆေးပြီး ဓာတ်အားလိုင်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

မိုးတွင်းကာလတွင် ဖြစ်ပွားလေ့ရှိသော လျှပ်စစ်အန္တရာယ်နှင့် ဓာတ်အားပြတ်တောက်မှုများ လျော့နည်းကျဆင်းရေး၊ ပြည်သူများ ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ဖီဒါ(၃) လျှပ်စစ်ဓာတ်အားလိုင်းတစ်လျှောက်ရှိ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများကို စနစ်တကျ ခုတ်ထွင်ရှင်းလင်းခြင်း၊ ယိုင်လဲနေသော ဓာတ်အားလိုင်းတိုင်များ ပြန်လည်တည့်မတ်ခြင်း၊ ကြံ့ခိုင်မှုအားနည်းသော ကြွေသီးများ အစားထိုးအသစ် လဲလှယ်ခြင်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင့်ဇော်နှင့် ဝန်ထမ်းများက ဆောင်ရွက်ခြင်းဖြစ်သည်။

ပွင့်ဖြူမြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးအနေဖြင့် ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲနိုင်ရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် မြို့နယ်အတွင်း ဖြန့်ဖြူးပေးထားသော လျှပ်စစ်ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်အောင် စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေး၍ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ကလည်း ကြီးအုံကြီးဝ – မဲဇလီကျေးရွာ လျှပ်စစ်ဓာတ်အား လိုင်းတစ်လျှောက် ကွင်းဆင်း၍ ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့အပြင် ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုရန်ပုံငွေဖြင့် လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာများတွင် မီးရရှိရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင် နီယာထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## သတင်းတိုများ

### ညောင်တုန်းမြို့ရှိ နိုင်ငံအေးဘုရားကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ညောင်တုန်း အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ဌာနဆိုင်ရာဝန်ထမ်းများပူးပေါင်း၍ အမှတ်(၄)ရပ်ကွက်ရှိ နိုင်ငံအေးဘုရားကြီး၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အောက်တိုဘာ ၂၃ ရက်က ဆောင်ရွက်ခဲ့သည်။ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုး ဦးဆောင်သည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

**မြို့နယ်(ပြန်/ ဆက်)**

### ဇလွန်ပြည်တော်ပြန်ဘုရားကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဇလွန် အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီးဝင်းအတွင်း၌ ဌာနဆိုင်ရာများ စုပေါင်း၍ ဘုရားဝင်းအတွင်းအပြင် အမှိုက်များ၊ ချုံနွယ်များ ရှင်းလင်းခြင်း၊ စွန့်ပစ်အမှိုက်များ ရှင်းလင်းခြင်း၊ ဘုရားရင်ပြင်တော်ကို ရေများဖြင့်ဆေးကြောခြင်း စသည့် သန့်ရှင်းရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

**မြို့နယ်(ပြန်/ဆက်)**

### ဇီးကုန်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**ဇီးကုန်း အောက်တိုဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကူဖြူကျေးရွာအုပ်စု ညောင်ပင်ဘိုကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ယနေ့ပေးအပ်ခဲ့သည်။ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှူး ဦးအောင်ကျော်မိုးက ပန်းခင်းစီမံချက်အကြောင်း ရှင်းလင်းပြောကြားပြီးနောက် ညောင်ပင်ဘိုကျေးရွာမှ ပြည်သူများအတွက် ဆောင်ရွက်ပေးပြီးသော နိုင်ငံသားစိစစ်ရေးကတ် ၆၅ ခုနှင့် အိမ်ထောင်စုလူဦးရေစာရင်း ၁၀ ခုကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**တင့်ဆွေ (ပြန်/ဆက်)**

### ဆင်ပေါင်ဝဲမြို့နယ်သို့ Oxygen Plant စက်သစ်ရောက်ရှိ

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၂၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဝယ်ယူထားသော Oxygen Plant စက်သစ်သည် ဆင်ပေါင်ဝဲမြို့နယ်သို့ ယနေ့ ရောက်ရှိလာရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှု၍ စနစ်တကျ နေရာချထား တပ်ဆင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။ အဆိုပါစက်မှာ တစ်ရက်လျှင် လီတာ ၄၀ ဆံ့အိုး အလုံး ၁၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ဆင်ပေါင်ဝဲမြို့နယ်မှ ဒေသခံပြည်သူများအနေဖြင့် အောက်ဆီဂျင်ထုတ်စက်ရောက်ရှိလာ၍ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**ခန့်ဝင်း**

# လေထုညစ်ညမ်းမှုအန္တရာယ်မှ ကာကွယ်ကြပါစို့

## ကိုကျော်စွာ(ကျိုက်ပိ)

**ယနေ့ခေတ်တွင် လူသားတို့ရင်ဆိုင်ကြုံတွေ့နေရသည့် ပြဿနာများတွင် လေထုညစ်ညမ်းမှုလည်း ပါဝင်သည်။ ပညာရှင်တို့၏တွက်ချက်မှုအရ ခရစ်နှစ် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေသည် ယခုလက်ရှိလူဦးရေ ၇ ဒသမ ၅ ဘီလီယံထက် ၃၁ ရာခိုင်နှုန်းမြင့်တက်လာပြီး ၉ ဒသမ ၈ ဘီလီယံအထိ ရှိလာနိုင်သည်ဟု ခန့်မှန်းထားကြောင်း ဆောင်းပါးတစ်ပုဒ်တွင် စာရေးသူဖတ်လိုက်ရပါသည်။**

ကမ္ဘာ့လူဦးရေသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာခြင်းကြောင့် လေထုညစ်ညမ်းမှုသည် အရေးကြီးသော ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်လာသည်။ လူသားများအပါအဝင် သက်ရှိသတ္တဝါအားလုံးသည် မိမိတို့နေထိုင်ရှင်သန်ရာပတ်ဝန်းကျင်တွင် ကျန်းမာရေးကောင်းမွန်ပြီး အသက်ရှည်စွာ ရှင်သန်နေထိုင်ရေးအတွက် သန့်စင်သည့်လေထုကို ရှူရှိုက်ခွင့်ရရန် လိုအပ်သည်။

ယနေ့ခေတ်တွင် ကမ္ဘာကြီးပူနွေးလာမှုဖြစ်စဉ်ကြောင့် ရာသီဥတုဖောက်ပြန်လာသည်နှင့်အတူ နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စက်ရုံ၊ အလုပ်ရုံများ၊ စက်တပ်ယာဉ်များမှ ထုတ်လွှတ်လိုက်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များသည် လေထုထဲတွင် များပြားစွာ ပါဝင်ပျံ့နှံ့လာခြင်းကြောင့် နောက်ဆက်တွဲ အကျိုးဆက်များအနေဖြင့် လူတို့၏ ကျန်းမာရေးကိုသာမက တိရစ္ဆာန်များနှင့် သစ်ပင်ပန်းမန်များကိုပါ ထိခိုက်စေသည်။



ကနေဒါနိုင်ငံတွင် စက်ရုံများကြောင့် လေထုညစ်ညမ်းနေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ- ဝီကီပီးဒီးယား

> ❖ **ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့ကို မော်တော်ယာဉ်များက အများဆုံး ထုတ်လွှတ်သည်။ ယင်းဓာတ်ငွေ့သည် သွေး၏ အောက်ဆီဂျင်လည်ပတ်မှုကို ထိခိုက်စေသဖြင့် ဦးနှောက်နှင့် နှလုံးသို့ အောက်ဆီဂျင်ရောက်ရှိမှု နည်းပါးခြင်းကြောင့် မူးဝေခြင်း၊ သတိလစ်ခြင်းများ ဖြစ်စေနိုင်ပြီး ကိုယ်ဝန်ဆောင်များ ရှူရှိုက်မိပါက သန္ဓေသားကြီးထွားဖွံ့ဖြိုးမှုကို ထိခိုက်စေပါသည်**

### လေထုညစ်ညမ်းစေသည့် အရာများ

စက်ရုံအလုပ်ရုံမှထွက်သော မီးခိုးငွေ့များ၊ ဓာတ်ငွေ့များ၊ မော်တော်ယာဉ်အမျိုးမျိုးမှ ထွက်သော မီးခိုးငွေ့များ၊ ဓာတ်ငွေ့များသာမက ဖုန်မှုန့်အမျိုးမျိုးအပြင် ဆေးလိပ်ငွေ့၊ ညှော်နံ့၊ မြောင်းပုပ်နံ့၊ အိမ်သာနံ့ စသည့် မကောင်းသော အနံ့အသက်များသည်လည်း လေထုကို ညစ်ညမ်းစေပါသည်။ ကမ္ဘာပေါ်တွင် လောင်စာဆီသုံးစွဲမှု ပမာဏများပြားလာခြင်းကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် ပမာဏပိုမိုများပြားလာပြီး လေထုညစ်ညမ်းမှု အမြင့်ဆုံးအခြေအနေသို့ တဖြည်းဖြည်း ရောက်ရှိလာပေသည်။ လာမည့် ခရစ်နှစ် ၂၁၀၀ ပြည့်နှစ်လောက်တွင် ကမ္ဘာပေါ်ရှိ ကာဗွန်ပမာဏသည် ၃၂၀ ဂစ်ဂါတန်အထိ တိုးပွားလာနိုင်ပြီး သက်ရှိသတ္တဝါများ ခြောက်ကြိမ်မြောက် အစုလိုက်အပြုံလိုက် မျိုးသုဉ်းပျောက်ကွယ်မှုကြီး ဖြစ်ပေါ်ကြုံတွေ့နိုင်ဖွယ်ရှိကြောင်း၊ ပညာရှင်များ ခန့်မှန်းထားကြကြောင်း သိရပါသည်။

လေထုကို ညစ်ညမ်းမှုဖြစ်စေသော ဓာတ်ငွေ့များမှာ ကာဗွန်မိုနောက်ဆိုက်၊ ဆာလ်ဖာဒိုင်အောက်ဆိုက်၊ နိုက်ထရိုဂျင်အောက်ဆိုက်နှင့် အိုဇုန်းဓာတ်ငွေ့နှင့် အခြားမကောင်းသော အနံ့အသက်တို့ ပါဝင်သည်။ ထိုဓာတ်ငွေ့များသည် လေထုညစ်ညမ်းမှုကိုဖြစ်စေပြီး လူသားတို့၏ ကျန်းမာရေးကို ထိခိုက်စေပါသည်။ ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့ကို မော်တော်ယာဉ်များက အများဆုံး ထုတ်လွှတ်သည်။ ယင်းဓာတ်ငွေ့သည် သွေး၏ အောက်ဆီဂျင်လည်ပတ်မှုကို ထိခိုက်စေသဖြင့် ဦးနှောက်နှင့်နှလုံးသို့ အောက်ဆီဂျင်ရောက်ရှိမှု နည်းပါးခြင်းကြောင့် မူးဝေခြင်း၊ သတိလစ်ခြင်းများ ဖြစ်စေနိုင်ပြီး ကိုယ်ဝန်ဆောင်များ ရှူရှိုက်မိပါက သန္ဓေသားကြီးထွားဖွံ့ဖြိုးမှုကို ထိခိုက်စေပါသည်။

ဆာလ်ဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို အများအားဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့်စက်ရုံ၊ ရေနံချက်စက်ရုံနှင့် သံရည်ကျိုလုပ်ငန်းများက အများအပြား ထုတ်လွှတ်သည်။ ဆာလ်ဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့သည် နှလုံးနှင့် အဆုတ်ရောဂါများကို ဖြစ်ပေါ်စေပါသည်။ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို မော်တော်ယာဉ်များနှင့် ဘွိုင်လာများက ထုတ်လွှတ်ပါသည်။ ထိုဓာတ်ငွေ့သည် ကိုယ်ခံအားကို လျော့ကျစေနိုင်ပြီး ရောဂါကူးစက်မှု ခုခံစွမ်းအားကို လျော့နည်းစေပါသည်။ သစ်ပင်ပန်းမန်တို့ကို အဆိပ်အတောက်ဖြစ်စေ၍ အပင်ကြီးထွားမှုနှင့် မျိုးစေ့အောင်မြင်မှုကို ထိခိုက်စေပါသည်။

### အိုဇုန်းလွှာ

မြေပြင်အထက် ၁၀ မိုင်မှ မိုင် ၃၀ အတွင်းကို အိုဇုန်းလွှာအဖြစ် သတ်မှတ်ပါသည်။ နေရောင်သည် နိုက်ထရိုဂျင်အောက်ဆိုက်နှင့် ဟိုက်ဒရိုကာဗွန်တို့အပေါ် ကျရောက်သောအခါ ဓာတ်ပြုပြီး အိုဇုန်းဓာတ်ငွေ့ ဖြစ်ပေါ်လာသည်ဟု သိရသည်။ ယင်းဓာတ်ငွေ့သည် လေထုကို ညစ်ညမ်းစေ၍ ချောင်းဆိုးရင်ကျပ်၊ ပန်းနာရောဂါများကို ဖြစ်ပေါ်စေပါသည်။ ထို့ပြင် လေထုညစ်ညမ်းမှုကြောင့် ကင်ဆာရောဂါအပြင် အခြားရောဂါ အမျိုးမျိုးကိုလည်း ဖြစ်ပွားစေပါသည်။

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကုန်းလမ်း၊ ရေလမ်းများဖြင့် သွားလာရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ သင်္ဘောအမျိုးမျိုး၊ ကားအမျိုးမျိုးနှင့် ဆိုင်ကယ်အမျိုးမျိုးကို အသုံးပြုလာကြသည်။ ယနေ့ကမ္ဘာပေါ်တွင် ထိုယာဉ်အမျိုးမျိုးမှထွက်သော လေထုညစ်ညမ်းစေသည့် ဓာတ်ငွေ့များ ပိုမိုများပြားလာပေသည်။ ထို့ကြောင့် လေထုညစ်ညမ်းမှုကို လျှော့ချနိုင်ရန်အတွက် ၂၀၄၀ ပြည့်နှစ်မှစ၍ ပြင်သစ်နိုင်ငံတွင် မော်တော်ယာဉ်များ ရောင်းချခွင့်ပြုတော့မည်မဟုတ်ကြောင်း မှတ်သားသိရှိရပါသည်။

ယနေ့ခေတ်တွင် ဥရောပနိုင်ငံများအတွင်းရှိသမျှကားများ၏ ၉၀ ရာခိုင်နှုန်းသည် ဓာတ်ဆီ၊ ဒီဇယ်ဆီသုံး ကားများဖြစ်ပြီး ပြင်သစ်အစိုးရအနေဖြင့် ကျောက်မီးသွေးသုံး၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကိုလည်း ၂၀၂၂ ခုနှစ်တွင် ၅၀ ရာခိုင်နှုန်းအထိ လျှော့ချပြီး ၂၀၂၅ ခုနှစ်တွင် လုံးဝအသုံးမပြုရန် ဆုံးဖြတ်ထားသည်ဟု သိရသည်။

### ကမ္ဘာ့ပထမဆုံးသစ်တော မြို့တော်

တရုတ်နိုင်ငံတွင် လေထုညစ်ညမ်းမှုကို ကာကွယ်ပေးနိုင်မည့် ကမ္ဘာ့ပထမဆုံးသစ်တော မြို့တော်ကို ဂွမ်ဇီပြည်နယ်နှင့် လူရှောင်မြို့အနီးတွင် တည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။ ထိုသစ်တောမြို့တော်မှ နှစ်စဉ် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့၊ ဖုန်မှုန့်နှင့် မီးခိုးငွေ့ တန်ချိန် ၅၇ တန်ကို စုပ်ယူပေးပြီး လူတို့အတွက် အောက်ဆီဂျင်တန်ချိန် ၉၀၀ ကျော်ကို ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

